# ကြေးမုံ
# The Mirror

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်၊ သောကြာနေ့၊ (8-2-2008) (၅၅၇)


**ထူးခြားသည့် ညအပူချိန်များ**

(၇-၂-၂၀၀၈)

| | | |
|---|---|---|
| လှိုင်လင် | – | (၂)ဒီဂရီစင်တီဂရိတ် |
| လားရှိုး၊ နမ့်စန်နှင့် | | |
| ပင်လောင်း | – | (၄)ဒီဂရီစင်တီဂရိတ်စီ |

## စည်းလုံးညီညွတ်မှုစွမ်းပကားကို တစ်မျိုးသားလုံး ညီညာဖြိုဖြ ဖော်ထုတ်ပြသခဲ့ကြ



ကိုလိုနီနယ်ချဲ့တို့၏သွေးခွဲသပ်လျှိုမှုကို ကြံ့ကြံ့ခိုင်ရင်ဆိုင်ရင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားကို တစ်မျိုးသားလုံး ညီညာဖြိုဖြဖော်ထုတ်ပြသခဲ့ကြသည့် ပင်လုံညီလာခံကြီးနှင့် ပင်လုံစာချုပ်တို့ ပေါ်ထွန်းလာခဲ့သော ဖေဖော်ဝါရီလ ၁၂ရက်နေ့ကို လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး သန္ဓေတည် မွေးဖွားခဲ့ရာ ပြည်ထောင်စုနေ့အဖြစ် အထွတ်အမြတ်ထား သတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**
(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ –

# အမျိုးသားညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အခြေခံ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲလျက်ရှိပြီဖြစ်ရာ အတော်ခရီးပေါက်နေပြီ မူဝါဒလမ်းစဉ်(၇)ရပ်သည် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် မှန်ကန်သောလုပ်ငန်းအစီအစဉ်များဖြစ် ယင်းလုပ်ငန်းအစီအစဉ်များ အောင်မြင်ရေးအတွက် နိုင်ငံသားတိုင်းက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၇

ချင်းပြည်နယ် ဟားခါးမြို့၌ရောက်ရှိနေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း၊



အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် ဖေဖော်ဝါရီ ၆ရက် နံနက် ၈နာရီတွင် ဟားခါးမြို့ရှိ ပြည်နယ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြပြီး နှစ်ထပ်ပင်မ လူနာဆောင် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်နယ်ပြည်သူ့ဆေးရုံကြီးကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်စီ၊ ပြည်နယ် ဆေးရုံအုပ်ကြီး ဒေါက်တာမင်းခိုင်နှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများအား တွေ့ဆုံ၍ ဆောင်ရွက်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** *

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မင်းတပ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ မင်းတပ်ခရိုင်နှင့် မင်းတပ်မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**
(သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror
၈-၂-၂၀၀၈
(သောကြာနေ့)

# ရောဂါဘယကင်းဝေး အသက်ရှည်စေရေး အရှိန်အဟုန်မြှင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်

မျက်မှောက်ကမ္ဘာတွင် တီဘီရောဂါ၊ ငှက်ဖျားရောဂါများ ပြန်လည်ဖြစ်ပွားလျက်ရှိသကဲ့သို့ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ရောဂါသည်လည်း ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပျံ့နှံ့လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတိုင်းက လူသားများကြုံတွေ့နေရသည့် ကျန်းမာရေး ပြဿနာများ၊ ရောဂါများကို ဖြေရှင်းရာတွင် အမျိုးသားရေး စွမ်းအားစုများကို အစွမ်းကုန်အသုံးချ ကြိုးပမ်းလျက်ရှိကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့မိသားစုဝင်နိုင်ငံများနည်းတူ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ တားဆီးကာကွယ် တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးထားဖော်ဆောင်လျက်ရှိရာ ခုခံအားကျဆင်းမှု ရောဂါဝေဒနာရှင်များအား အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ပိုးပြန့်ပွားမှု ဟန့်တားနိုင်သည့် ဆေးဝါးများတိုက်ကျွေးရုံသာမက ဝေဒနာရှင် မိသားစုများကိုလည်း ပြုစုစောင့်ရှောက်ကုသပေးပြီး နှစ်သိမ့်ဆွေးနွေး ပညာပေးလျက်ရှိသည်။ ရောဂါပိုး စစ်ဆေးခြင်းလုပ်ငန်းများကို ကူးစက်ပျံ့နှံ့မှုများပြားသည့် ဒေသများ၌သာမက ဒေသအနှံ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အနာကြီးရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ တီဘီနှင့် ငှက်ဖျားရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကိုလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ပြည်တွင်း ပြည်ပလူမှုရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းကြိုးပမ်းလျက်ရှိရာ အချို့သော ရောဂါဆိုးကြီးများ ပပျောက်ကင်းဝေးသည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။

ယင်းတို့အနက် အနာကြီးရောဂါကင်းဝေးစေရေး ကြိုးပမ်းလျက်ရှိရာ MDTဖြင့် ကုသ၍ရောဂါ ပျောက်ကင်းသွားသော်လည်း လူနာအချို့သည် ကိုယ်အင်္ဂါမသန်စွမ်းမှုများ ဖြစ်ပေါ်နိုင်သဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။ ကိုယ်အင်္ဂါ မသန်စွမ်းသူများအား ခြေလက်အင်္ဂါများ ပြန်လည်အသုံးချနိုင်ရန်နှင့် မိမိကိုယ်ကို ကာကွယ်စောင့်ရှောက်နိုင်ရန် အသိပညာပေးခြင်း၊ လေ့ကျင့်ပေးခြင်းနှင့် သင့်လျော်သော အသက်မွေးဝမ်းကျောင်း အတတ်ပညာများ ရွေးချယ်သင်ကြားပေးခြင်းတို့ ပါဝင်သည်။

အနာကြီးရောဂါကင်းဝေးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ၂၀၀၇ ခုနှစ်အတွင်း ပြည်နယ်၊ တိုင်း ရှစ်ခုတွင်ရှိသည့် မြို့နယ် ၂၀ တွင် ဖော်ဆောင်လျက်ရှိပြီး နှစ်စဉ်မြို့နယ် ၂၀ စီ တိုးချဲ့ဆောင်ရွက်သွားမည်ဟု သိရသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ လူမှုရေးအဖွဲ့အစည်းများနှင့် အရှိန်အဟုန်မြှင့် ဆက်လက်ပူးပေါင်း ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ပြည်သူများ ရောဂါဘယကင်းရှင်းပြီး အသက်ရှည်ကျန်းမာကြံ့ခိုင်ကြမည် ဖြစ်ပါသည်။ ။



တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ဝိုင်း "သီလနိမ္မိတာရာမ ရွှေကျွန်းရတနာဘုန်းတော်ကြီးကျောင်း"ဝတ္တကမြေ ပရိယတ္တိစာသင်တိုက် ဆောက်လုပ်ရန်အတွက် ဒေါ်ချိုချိုအေး၊ သား တေဇာအောင်တို့က ဒဂုံမြို့သစ်(မြောက်ပိုင်း)အမှတ်(၃၄)ရပ်ကွက်၊ မြန်မာ့သစ်လုပ်ငန်း ဓမ္မာရုံဥက္ကဋ္ဌ ကပ္ပိယဒါယကာ ဦးလှသိန်းမှတစ်ဆင့် ဆရာတော်ထံ ငွေကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# မြန်မာနိုင်ငံဆရာဝန်အသင်း အရိုးရောဂါပညာအဖွဲ့ အကြိမ်(၂၀)မြောက် အရိုးကုဆရာဝန်ညီလာခံဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၇

မြန်မာနိုင်ငံဆရာဝန်အသင်း အရိုးရောဂါပညာအဖွဲ့က ကြီးမှူးကျင်းပသော အကြိမ်(၂၀)မြောက် အရိုးကုဆရာဝန်ညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်နှင့် အရိုးရောဂါပညာအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်ဟန်တို့ က အမှာစကားပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ညီလာခံအထိမ်းအမှတ် ဆေးနှင့်ဆေးပစ္စည်း ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ ပါမောက္ခ ဗိုလ်မှူးကြီးထွန်းထွန်းအား အရိုးရောဂါပညာအဖွဲ့ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့ကြောင်းသိရှိရသည်။

အဆိုပါအရိုးကုဆရာဝန်ညီလာခံကို ဖေဖော်ဝါရီ ၉ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

# ဗိသုကာအသင်း စာတမ်းဖတ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၇

မြန်မာနိုင်ငံ ဗိသုကာအသင်းက ကြီးမှူး၍ University of Washington, College of Architecture and Urban Planning မှ Ph.D Candidate တစ်ဦးဖြစ်သူ မသစ္စာ (ခ) Ms. Jayde Lin Roberts က Traditional & Contemporary Chinese Architecture နှင့် ပတ်သက်၍ စာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၉ရက် မွန်းလွဲ၂နာရီတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအဆောက်အအုံ Seminar Room ၌ ကျင်းပမည်ဖြစ်၍ စိတ်ဝင်စားသူဗိသုကာများ တက်ရောက်နိုင်ကြောင်းသိရသည်။ (က-ပ)

# အမျိုးသမီးများနှင့် ကျန်းမာရေးဟောပြော HIV/AIDS ရောဂါအကြောင်းပညာပေး

ရန်ကုန် ဖေဖော်ဝါရီ ၇

MO ASIA Co., Ltd. DUMEX က ကြီးမှူးလျက် "အမျိုးသမီးများနှင့် ကျန်းမာရေး" ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်၌ ကျင်းပရာ ပုသိမ်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မာကြည်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် MO ASIA Co., Ltd. DUMEX မှ အာဟာရ မန်နေဂျာ ဒေါက်တာ ဒေါ်ဖြူတီကြည်က အမျိုးသမီးများဖြစ်တတ်သော သားအိမ်ခေါင်းကင်ဆာနှင့် ရင်သားကင်ဆာရောဂါအကြောင်းနှင့် ကျန်းမာရေးအကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောသည်။ (အောက်ပုံ)

အမျိုးသမီးများနှင့် ကျန်းမာရေး ပညာပေးဟောပြောပွဲသို့ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ပုသိမ်မြို့ ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် အမှတ်(၃) အထကကျောင်းမှ ဆရာမကြီးများ၊ ကျောင်းသူများ တက်ရောက်ကြသည်။

မွန်းလွဲ ၂နာရီတွင် ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း အားကစားရုံ၌ ကျောင်းသား၊ ကျောင်းသူများအား ခုခံအားကျဆင်းမှု ကူးစက်ရောဂါ (HIV/AIDS) အကြောင်း သိကောင်းစရာများကို ဒေါက်တာ ဒေါ်ဖြူတီကြည်က ပရိုဂျက်တာဖြင့် ပညာပေးဟောပြောခဲ့ကြောင်း သတင်းရရှိသည်။ (၁၆၅)





# အထက(၃) (သာကေတ) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်မြို့ သာကေတမြို့နယ် အထက(၃)ကျောင်းသားကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် အဆိုပါကျောင်း သီရိရတနာခန်းမကြီး၌ကျင်းပမည်ဖြစ်ရာ ဖိတ်ကြားခြင်းခံထားရသော ဆရာ/ဆရာမကြီးများ ပူဇော်ပွဲသို့ ကြွရောက်ကြရန်နှင့် ငွေနှင့်ပစ္စည်းများလှူဒါန်းလိုပါက ဦးတင်မြင့် ဖုန်း-၂၄၅၆၁၅၊ ဒေါ်ဌေးဌေးရှိန်တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# ပြည်ထောင်စုနေ့ ကာယဗလ မောင်မယ်ရွေးပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်တိုင်း ကာယဗလနှင့် ကာယအလှ ဆပ်ကော်မတီကကြီးမှူး၍ ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကို ဖေဖော်ဝါရီ၉ရက် နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကာယဗလမောင်ပြိုင်ပွဲတွင် လူသစ်တန်း၊အငယ်တန်း၊ အကြီးတန်းနှင့် အလွတ်တန်းများ ပါဝင်ပြီး ကာယအလှမယ်ပြိုင်ပွဲတွင် ၅ ပေ ၃လက်မနှင့်အထက် အကြီးတန်း၊ ၅ပေ ၃လက်မ အောက်အငယ်တန်းနှင့် အလွတ်တန်းများပါဝင်သည်။ ပြိုင်ပွဲဝင်လိုသူများသည် အတွင်းရေးမှူး ဦးကျော်စိန်သန်း၊အောင်ဆန်းအားကစားပြိုင်ကွင်း၊ လူထုအားကစားပညာပေးဌာန (ဖုန်း-၃၇၄၅၀၂)သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် S.M.A Advertising & Publishing Groupမှ ဦးစိုးမြတ်အောင်၏ စီစဉ်မှုဖြင့် LYNX Trading Co.,Ltd. (Galileo CNGကား ပစ္စည်းတပ်ဆင်ရေးလုပ်ငန်း)နှင့် ဦးငယ်လေး အကယ်ဒမီ ကုမ္ပဏီလီမိတက် (ရန်ကုန်ဂျစ်မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်း) တို့မှ ပံ့ပိုးကူညီကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

# ၂၀၀၈ခုနှစ် ရန်ကုန်မြို့တော်ဝန်ဖလား အသင်းလိုက်တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

**မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ကကြီးမှူး၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် ၂၀၀၈ခုနှစ် ရန်ကုန်မြို့တော်ဝန်ဖလား အသင်းလိုက်တင်းနစ်ပြိုင်ပွဲ ကို ဖေဖော်ဝါရီ ၁၂ရက်မှ ၁၇ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။**

ပြိုင်ပွဲအမျိုးအစားများမှာ (က)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် တစ်ဦးချင်းနှစ်ပွဲ၊ နှစ်ယောက်တွဲတစ်ပွဲ ကစားခွင့်ပြုမည်။ အသင်းတစ်သင်းလျှင် အားကစားသမား အနည်းဆုံး လေးဦးနှင့် အများဆုံး ငါးဦးပါဝင်ယှဉ်ပြိုင်နိုင်သည်။ (ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲ နှစ်ယောက်တွဲသုံးပွဲ ကစားခွင့်ပြုမည်။ အသင်းတစ်သင်းလျှင် အားကစားသမား အနည်းဆုံး ခြောက်ဦး အများဆုံး ခုနစ်ဦး ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲ စည်းကမ်းများအနေဖြင့် (က)အဆင့် အသင်းလိုက်ပြိုင်ပွဲ တွင် လက်ရွေးစင်များနှင့် ပြည်နယ်နှင့်တိုင်းအဆင့် အားကစားသမားများသာ ပါဝင်ရန်၊ (ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲများတွင် ပြည်နယ်နှင့်တိုင်းအဆင့် မဟုတ်သူများ၊ အသက်(၄၅)နှစ်အထက် ပြည်နယ်နှင့်တိုင်း လက်ရွေးစင်ဟောင်းများ တစ်သင်းလျှင် တစ်ဦးသာပါဝင်ခွင့်ရှိပြီး အသက်(၅၀)နှစ်အထက် ပြည်နယ်နှင့်တိုင်း လက်ရွေးစင်ဟောင်းများတစ်သင်းလျှင် အားကစားသမားဦးရေ ကန့်သတ်ချက်မရှိ ပါဝင်ခွင့်ရှိသည်။

ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်လိုသူများသည် ဖေဖော်ဝါရီ ၁၀ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀သို့ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းရမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၁ရက် မွန်းလွဲ ၁နာရီတွင် ပွဲစဉ်များရေးဆွဲမည့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ရုံးခန်းသို့ အသင်းတစ်သင်းမှ တာဝန်ရှိသူတစ်ဦး တက်ရောက်ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဟားခါးမြို့၌ တည်ဆောက်လျက်ရှိသည့် အစိုးရစက်မှုလက်မှုသိပ္ပံကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



* ရှေ့ဖုံးမှ

အကောင်အထည်ဖော်ရမည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းမှာကြားကာ ဆေးပဒေသာပင် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဟားခါးမြို့ မြို့တော်ခန်းမ၌ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဟားခါးမြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းက ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုရန် စက်ယန္တရားကြီးများလိုအပ်မှု၊ မြို့နယ်အလိုက် ရေအားလျှပ်စစ် ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ မြို့နယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးသင့်သည်များအနက် လက်ငင်းဖြည့်ဆည်း ဆောင်ရွက်နိုင်သည်များကို လက်ငင်းဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ အချို့ကိစ္စများမှာ လုပ်ငန်းသဘော သဘာဝအရ ညှိနှိုင်းစိစစ်လေ့လာမှုများ ပြုလုပ်သွားမှာဖြစ်ကြောင်း၊ မည်သို့ပင်ဖြစ်စေ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ပိုင်းက ဆောင်ရွက်ပေးရမည်များကို မျက်ခြည်မပြတ်လေ့လာ ဆန်းစစ်ဆောင်ရွက်ပေးလျက်ရှိသည်ကို အားလုံးအသိဖြစ်ကြောင်း၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရန်မှာ နိုင်ငံတော်၏ဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးမှုများကို ဒေသခံ တိုင်းရင်းသားများက အကျိုးရှိရှိ အသုံးချ၍ ကြိုးကြိုးစားစား လုပ်ကိုင်ကြရန်လိုအပ်ကြောင်း၊ ပြည်နယ်၌ ဒေသဝမ်းစာဖူလုံအောင်၊ စီးပွားရေးအရ တောင့်တင်းခိုင်မာအောင်၊ ပညာတတ်များ ပိုမိုတိုးပွားလာအောင်၊ ကျန်းမာကြံ့ခိုင်သူများပြားအောင် ဘက်စုံကဏ္ဍစုံမှ အားထုတ်ကြိုးပမ်းစေလိုကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ဟားခါးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့တို့အတွက် လက်ဆောင်ပစ္စည်းများနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ငွေများကို တာဝန်ရှိသူများသို့ ပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဟားခါးမြို့၌ တည်ဆောက်လျက်ရှိသည့် အစိုးရစက်မှုလက်မှုသိပ္ပံကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့် တာဝန်ရှိသူများက ကျောင်းဆောင် တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်သွားမည့် အဆောင်များဆောက်လုပ်ရန် လျာထားသည့် မြေနေရာများကို ရှင်းလင်းပြသကြသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့ သွားရောက်ကြပြီး အခြေခံနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ ကနုကမာ ကျောက်စီပန်းချီသင်တန်း၊ လက်ရက်ကန်းသင်တန်းတို့ ဖွင့်လှစ်သင်ကြားပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် သင်တန်းကျောင်းအုပ်နှင့် နည်းပြများအား လိုအပ်သည်များ မှာကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီတွင် ရဟတ်ယာဉ်များဖြင့် ဟားခါးမြို့မှ မတူပီမြို့သို့ ရောက်ရှိကြပြီး ရှေးဦးစွာ မတူပီမြို့ ဖွံ့ဖြိုးတိုးတက်မှုကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်ကြပြီး ကျောင်းသားလူငယ်များအား နှုတ်ဆက်အားပေးကာ အိပ်ဆောင်နှင့် စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် ကျောင်းအုပ်နှင့် နည်းပြများအား ကလေးသူငယ်များကို စေတနာထား၍ ပြုစုပျိုးထောင်စောင့်ရှောက်ရန် မှာကြားပြီး ကျောင်းအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။



**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မတူပီမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် ကျောင်းသားလူငယ်များအား နှုတ်ဆက်အားပေးစဉ်။** (သတင်းစဉ်)

ထို့နောက် မတူပီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မင်းဦးတို့က မတူပီမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က မတူပီမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနက ဖြည့်ဆည်းပေးနိုင်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းရင်းသားညီအစ်ကိုများ စည်းလုံးညီညွတ်ရေး၊ ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးမှုခိုင်မာရေး၊ ဒေသအတွင်းစားနပ်ရိက္ခာဖူလုံပြီး စီးပွားရေး တိုးတက်ခိုင်မာရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားပြီး အသင်းအဖွဲ့များနှင့် မြို့နယ်ဖွံ့ဖြိုးရေးအတွက် လက်ဆောင်ပစ္စည်းများ၊ ထောက်ပံ့ငွေများကို တာဝန်ရှိသူများသို့ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့အတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် မတူပီမြို့နယ် ပြည်သူ့ဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ဆရာဝန် ဒေါက်တာရီအုပ်နှင့် သူနာပြုဆရာမများအား တွေ့ဆုံမှာကြား၍ ဆေးပဒေသာပင်အလှူငွေများကို ပေးအပ်သည်။



**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မတူပီမြို့နယ် ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်စဉ်။** (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် မင်းတပ်မြို့သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ခုတင်(၅၀)ဆံ့ မင်းတပ်ခရိုင်ဆေးရုံသို့ သွားရောက်၍ လူနာများနှင့် ဓာတ်မှန်ဆောင်၊ ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်း၊ ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ညီညီမင်းနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ မင်းတပ်မြို့ ဖွံ့ဖြိုးတိုးတက်လာမှုကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မင်းတပ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မင်းတပ်ခရိုင်နှင့် မင်းတပ်မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ မင်းတပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်တို့က ခရိုင်နှင့်မြို့နယ်၏ အခြေအနေများ၊ ဖွံ့ဖြိုးတိုးတက်မှုများ ဖြည့်ဆည်းပေးရန်လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်ဝန်ကြီးချုပ်က မင်းတပ်မြို့၌ အော်တိုအိတ်ချိန်း တပ်ဆင်နိုင်ရေး၊ မြို့သောက်သုံးရေတိုးမြှင့်ရရှိရေး၊ ရေအားလျှပ်စစ်ဓာတ်အားတိုးတက်ထုတ်ယူနိုင်ရေး ကိစ္စများကို သက်ဆိုင်ရာဌာနအကြီးအကဲများနှင့် ညှိနှိုင်းစီမံဆောင်ရွက်ပေးပြီး ချင်းပြည်နယ်အတွင်း လှည့်လည်သွားရောက်၍ မြို့နယ်အလိုက်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမှု၊ ပြည်နယ်၏ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်နယ်သားများက ညီညီညွတ်ညွတ်အားထုတ်လုပ်ကိုင်ရန် အရေးကြီးမှု၊ မိမိနယ်မြေ၊ မိမိဒေသအတွက်သာမက **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❍

## ကင်ညာမှ ပြိုင်ဘက်နိုင်ငံရေးသမားများ ဆွေးနွေးပွဲပြန်လည်ပြုလုပ်

**နိုင်ရိုဘီ ဖေဖော်ဝါရီ ၆**

ကင်ညာနိုင်ငံတွင် လနှင့်ချီ၍ ဖြစ်ပွားလျက်ရှိသည့် သွေးချောင်းစီး တိုက်ခိုက်မှုများ အဆုံးသတ်စေရန် အတွက် ငြိမ်းချမ်းရေးအစီအစဉ် ချမှတ်ရန် တနင်္လာနေ့က သဘောတူညီကြသည်ဟု ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်က ပြောကြားကြောင်း၊ သို့ရာတွင် လူမျိုးစုငယ်များအတွင်း နက်ရှိုင်းစွာ သဘောထားကွဲလွဲနေမှုက ၎င်း၏ ကြိုးပမ်းမှုများအတွက် အဟန့်အတားတစ်ရပ်ဖြစ်နေကြောင်း ပြောကြားသည်။

လူပေါင်း ၁၀၀၀ ကျော် သေဆုံးပြီး အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် နေရာအတည်တကျမရှိဘဲ ဖြစ်နေကြသူများ၏ ပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် ကင်ညာမှ ပြိုင်ဘက်နိုင်ငံရေးသမားများက ငြိမ်းချမ်းရေး အစီအစဉ်များ ချမှတ်ရန် သဘောတူညီခဲ့ကြသည်ဟု အာနန်က ပြောကြားသည်။ သမ္မတ ကီဘာကီ၏ ရွေးကောက်ပွဲ အငြင်းပွားမှုပြဿနာနှင့် ပတ်သက်၍ ရှေ့မတိုး နောက်မဆုတ်ဖြစ်နေမှုအဆုံးသတ်ရန် ၎င်းတို့သည် အင်္ဂါနေ့တွင် တွေ့ဆုံညှိနှိုင်းကြမည်ဖြစ်သည်ဟု အာနန်က ဆက်လက်ပြောကြားသည်။

ဖော်ပြပါ ငြိမ်းချမ်းရေးအစီအစဉ်နှင့် ပတ်သက်၍ မိမိတို့အပြည့်အစုံ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ ယနေ့မှ စတင်၍ လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းကြမည်ဖြစ်ကြောင်း ကိုဖီအာနန်က ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***



ကင်ညာနိုင်ငံ ကီဆူမီမြို့မှ မိသားစုအချို့ ဘေးလွတ်ရာသို့ ထွက်ပြေးနေကြသည်ကို ဖေဖော်ဝါရီ ၅ ရက် က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

## ပါလက်စတိုင်းတို့ဒုံးကျည်ဖြင့် ပစ်ခတ်၍ အစ္စရေးရှိ စက်ရုံနှစ်ရုံ ပျက်စီး

**ဂါဇာ ဖေဖော်ဝါရီ ၆**

ဂါဇာကမ်းမြောင်ဒေသမှ ပါလက်စတိုင်း စစ်သွေးကြွများက ဒုံးကျည်နှစ်စင်းဖြင့် ဖေဖော်ဝါရီ ၅ ရက်တွင် ပစ်ခတ်မှုကြောင့် အစ္စရေးတောင်ပိုင်း အက်ဒီရော့မြို့ရှိ စက်ရုံနှစ်ရုံ ပျက်စီးခဲ့သည်။

ဖေဖော်ဝါရီ ၄ ရက်က အစ္စရေးလေတပ်က တိုက်ခိုက်ခြင်းကြောင့် ပါလက်စတိုင်းခေါင်းဆောင် တစ်ဦး သေဆုံးရသည့်အတွက် ဒုံးကျည်ဖြင့် တိုက်ခိုက်ရခြင်းဖြစ်ကြောင်း တိုက်ခိုက်ရေးသမားများက ပြောကြားသည်။

ဒုံးကျည်များကို ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ပစ်ခတ်ခဲ့ကြောင်း ဖာတာ လက်နက်ကိုင်အုပ်စုက ပြောကြားသည်။ ဒုံးကျည်ပစ်ခတ်မှုကြောင့် စက်ရုံများနှင့်အနီးရှိ ကားများ ပျက်စီးရကြောင်း အစ္စရေးက ဆိုသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## အာကာသနည်းပညာတွန်းအားပေး လုပ်ဆောင်မှုနှင့်စပ်လျဉ်း၍ အမေရိကန်က စိုးရိမ်မကင်းဖြစ်ခြင်းကို အီရန်ကပယ်ချ

**တီဟီရန် ဖေဖော်ဝါရီ ၆**

အီရန်နိုင်ငံက အာကာသအတွင်း ဒုံးပျံလွှတ်တင်မှုသည် စိုးရိမ်မကင်းဖွယ်ဖြစ်ကြောင်း အမေရိကန်က ထုတ်ဖော်ပြောကြားပြီး နောက်တစ်ရက်တွင် အီရန်နိုင်ငံက အာကာသနည်းပညာ ဖွံ့ဖြိုးမှုရရှိရန် တွန်းအားပေးဆောင်ရွက် နေမှုအပေါ် အမေရိကန်၏ စိုးရိမ် မကင်းဖြစ်မှုကို အီရန်အစိုးရက အင်္ဂါနေ့တွင် ပယ်ချလိုက်သည်။

### တာဝန်ရှိ

အစိုးရအနေဖြင့် နိုင်ငံ၏ ဖွံ့ဖြိုးမှုနှင့် တိုးတက်မှုအတွက် တာဝန်ရှိပြီး အခြားနိုင်ငံများအတွက် စိုးရိမ်မကင်းဖြစ်ရန် တာဝန်မရှိကြောင်း အီရန်အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ ဂိုလမ်ဟူစိန်အယ်လ်ဟမ်က သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားသည်။

### ဖွံ့ဖြိုးစေရန်

မိမိတို့အနေဖြင့် မိမိတို့၏ ဂုဏ်သိက္ခာနှင့် တရားဝင်အခွင့်အရေးများအပေါ် မူတည်ပြီး သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးစေရန် ဆောင်ရွက်ခြင်းဖြင့် သက်သေပြခဲ့ကြောင်း၊ အီရန်က အာကာသ နည်းပညာရရှိစေရန် ဆောင်ရွက်မှု၏ ရည်ရွယ်ချက်သည် အာကာသသုတေသနတွင် တိုးတက်ဖွံ့ဖြိုးမှုရှိစေရန်သာဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**အီရန်နိုင်ငံက စမ်းသပ်ပစ်လွှတ်လိုက်သော တာလတ်ပစ် ဒုံးကျည် တစ်စင်းကို ဖေဖော်ဝါရီ ၄ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)




## ပါကစ္စတန်၌ နိုင်ငံတကာ ကြက်ခြေနီတပ်ဖွဲ့ဝင်နှစ်ဦး ပျောက်ဆုံး

**အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၆**

အာဖဂန်နယ်စပ် ပါကစ္စတန် အနောက်မြောက်ပိုင်းဒေသတွင် နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ (အိုင်စီအာရ်စီ)မှ ပါကစ္စတန်နိုင်ငံသား ဝန်ထမ်းနှစ်ဦး ပျောက်ဆုံးနေကြောင်း ထိုအဖွဲ့က ဖေဖော်ဝါရီ ၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ၎င်းတို့ နှစ်ဦး မောင်းနှင်လာသည့် ကားသည် ဖေဖော်ဝါရီ ၂ ရက်က ကဘူးရှိ ကြက်ခြေနီရုံးရှိရာသို့ ပစ္စည်းပို့ဆောင်ရန် ခိုင်ဘာ တောင်ကြားမှ ဖြတ်သန်းမောင်းနှင်လာစဉ် ပျောက်ဆုံးခဲ့ခြင်း ဖြစ်သည်ဟု အိုင်စီအာရ်စီ ဆက်သွယ်ရေးအရာရှိ စီတာရာဂျာဘင်က ပြောကြားသည်။

၎င်းတို့အတွက် စိုးရိမ်ပူပန်ရကြောင်း၊ ရှာဖွေရေးလည်း လုပ်ဆောင်လျက်ရှိကြောင်း ဂျာဘင်က ဆက်လက်ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

## ချဒ်နိုင်ငံရှိ အမေရိကန်သံရုံးဝန်ထမ်းများ ပြောင်းရွှေ့

**ဝါရှင်တန် ဖေဖော်ဝါရီ ၆**

ချဒ်နိုင်ငံ မြို့တော် အင်ဂျာမီနာရှိ အမေရိကန် သံရုံးဝန်ထမ်းများကို ရွှေ့ပြောင်း လိုက်ပြီဖြစ်ကြောင်း၊ အာဖရိကအလယ်ပိုင်းနိုင်ငံတွင် အခြေအနေမတည်ငြိမ်သည့်အတွက် ထိုသို့ပြုလုပ်ရခြင်းဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက ဖေဖော်ဝါရီ ၅ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ သံရုံးဝန်ထမ်းများ အားလုံးသည် ထွက်ခွာသွားကြပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ စီအန်မက်ကောမက်က သတင်းထောက်များကို ပြောကြားသည်။

သံရုံးဝန်ထမ်းများအပါအဝင် ချဒ်နိုင်ငံရှိ အမေရိကန်နိုင်ငံသားများ ပြောင်းရွှေ့ရေးကိစ္စကို အမေရိကန်နှင့် ပြင်သစ်အစိုးရတို့ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်ဟု ၎င်းကဆိုသည်။ ချဒ်နိုင်ငံအတွင်းရှိ ကျန်ရှိသူ အမေရိကန်နိုင်ငံသားများ နိုင်ငံရင်းသို့ ပြောင်းရွှေ့လိုသူများကိုလည်း ဆက်သွယ်စုံစမ်းလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

ရက်သတ္တပတ်ကုန်က ပေါ်ပေါက်လာသော ပဋိပက္ခများအတွင်း အမေရိကန်သံရုံးကို ကျည်ထိမှန်ခြင်း ခံခဲ့ရသည်။ ယင်းသံရုံးသည် အင်ဂျာမီနာမြို့လယ်ကောင်တွင် တည်ရှိသည်။

အမေရိကန်သံရုံးဝန်ထမ်းများ မရှိတော့သော်လည်း ချဒ်နိုင်ငံရှိ အမေရိကန်သံရုံးအတွင်းသို့ ချဒ်သူပုန်များ ဝင်ရောက်ခွင့်မရှိကြောင်း မက်ကောမက်က သတိပေးခဲ့သည်။ အင်ဂျာမီနာမြို့အနီး ဖေဖော်ဝါရီ ၁ ရက်က ချဒ်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်သူပုန် ၂၀၀၀ ခန့် တိုက်ပွဲ ပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## သီရိလင်္ကာလေတပ်က သူပုန်စခန်းများကို ဗုံးကြဲတိုက်ခိုက်

**ကိုလံဘို ဖေဖော်ဝါရီ ၆**

သီရိလင်္ကာနိုင်ငံ ကီလီနော့ချီခရိုင်ရှိ တမီးလ်ကျားသူပုန်များ၏ ဆက်သွယ်ရေးစခန်းများအား ပစ်မှတ်ထား၍ ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲပိုင်းက သီရိလင်္ကာလေတပ် တိုက်လေယာဉ်များက နှစ်ကြိမ်သွားရောက်တိုက်ခိုက်ခဲ့ကြောင်း စစ်ဘက်က ပြောကြားသည်။

တိုက်လေယာဉ်များသည် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၂၅ မိနစ်ခန့်က ကာရာဒီပေါ့ကူဒေသရှိ ပစ်မှတ်များကို ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း၊ ယင်းစီးနင်းတိုက်ခိုက်မှု အောင်မြင်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ကုလသမဂ္ဂတပ်ဖွဲ့ဝင်များရှိသည့်ဒေသနှင့် အရပ်သားများနေထိုင်သည့် နေရာများကို ပစ်မှတ်ထား ဗုံးကြဲမှုကြောင့် အရပ်သားနှစ်ဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိကြောင်း သူပုန်အဖွဲ့က ပြောကြားသည်။

အဆိုပါနေ့ရက်၌ပင် တမီးလ်ကျားသူပုန်များ၏ အုပ်ချုပ်ရေးနှင့် ပူးပေါင်း စစ်ဆင်ရေး ဗဟိုဌာနကို အစိုးရလေတပ်က ဗုံးကြဲချခဲ့သည်။ နိုင်ငံမြောက်ပိုင်းဒေသရှိ တမီးလ်ကျားသူပုန်များကို အစိုးရစစ်ဘက်က ပြင်းထန်သောထိုးစစ်များ ဆင်နွှဲခဲ့ပြီး ယခုနှစ်ကုန်မတိုင်မီ တမီးလ်ကျားသူပုန်များကို အပြီးတိုင် ချေမှုန်းရန် ဆုံးဖြတ်ထားသည်ဟုဆိုသည်။

***အမ်အင်အေ၊ဆင်ဟွာ။***




ချဒ်နိုင်ငံ အင်ဂျာမီနာမြို့ရှိ ကုလသမဂ္ဂနှင့် နိုင်ငံခြားသားဝန်ထမ်းများအား လုံခြုံရေးဆောင်ရွက်ပေးနေသည့် ပြင်သစ်တပ်ဖွဲ့များကို ဖေဖော်ဝါရီ ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)






## အမှာစကားပြောကြား

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မင်းတပ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မင်းတပ်ခရိုင်နှင့် မင်းတပ်မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

○ စာမျက်နှာ ၃ မှ

ပြည်ထောင်စုကြီးခိုင်မာရေး၊ တိုးတက်ဖွံ့ဖြိုးရေးအတွက်ပါ အလေးထားဂရုပြုရန် လိုအပ်မှုတို့ကို ရှင်းလင်းမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြို့နယ်၏ အသင်းအဖွဲ့များအတွက် လက်ဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို တာဝန်ရှိသူများအား ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား မြို့မိမြို့ဖများက ရိုးရာလက်ဆောင်ပစ္စည်းများကို ဂါရဝပြုပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ရဟတ်ယာဉ်များဖြင့် နေပြည်တော်သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရောက်ရှိကြသည်။

ချင်းပြည်နယ်အတွင်းရှိ မြို့နယ်များသို့ လှည့်လည်သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ ချင်းပြည်နယ်၏ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်ရန်၊ နယ်စွန်နယ်ဖျားဒေသများ၌ နေထိုင်ကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများအား တွေ့ဆုံအားပေးရန် မိမိခေါင်းဆောင်သည့်အဖွဲ့ ချင်းပြည်နယ်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ချင်းပြည်နယ်သည် မိမိတို့ ပြည်ထောင်စုကြီးအတွင်းမှ ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ရှေးဘိုးဘွားဘီဘင်လက်ထက်ကတည်းကပင် ချင်းတိုင်းရင်းသားများသည် ကျန်ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့် အေးအတူပူအမျှ ဥမကွဲသိုက်မပျက် စုစည်းညီညွတ်စွာ ချစ်ချစ်ခင်ခင် နေထိုင်ခဲ့ကြသည့် တိုင်းရင်းသားများဖြစ်ကြကြောင်း။

နိုင်ငံတော်ကို ကိုလိုနီကျွန်ဘဝအောက်သို့ သိမ်းပိုက်ခံရစဉ်ကလည်း ချင်းတိုင်းရင်းသားများသည် ကိုလိုနီနယ်ချဲ့အား ရရာလက်နက်စွဲကိုင်ပြီး နည်းမျိုးစုံဖြင့် ခုခံတွန်းလှန်တိုက်ခိုက်ခဲ့ကြသည့် နယ်ချဲ့ဆန့်ကျင်ရေး သမိုင်းအစဉ်အလာရှိသူများဖြစ်ကြကြောင်း၊ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းစဉ်၌လည်း လွတ်လပ်ရေးအတွက် အခြားတိုင်းရင်းသားညီအစ်ကိုများနှင့်အတူ လက်တွဲရန်းကန် တိုက်ပွဲဝင်ခဲ့ကြကြောင်း။

လွတ်လပ်ရေးရပြီးနောက် ပြည်ထောင်စုကြီးအနှံ့၌ လက်နက်ကိုင် သောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန်တွင် ဤနယ်မြေဒေသရှိ တိုင်းရင်းသားညီအစ်ကိုများသည် သောင်းကျန်းမှုမရှိသည်နှင့်အမျှ အေးချမ်းမှု၊ တည်ငြိမ်မှု၊ လုံခြုံမှု၊ တရားဥပဒေစိုးမိုးမှု၏ အရသာများကို အပြည့်အဝ ရရှိခံစားနိုင်ခဲ့ကြကြောင်း။

သို့ရာတွင် ချင်းပြည်နယ်သည် သဘာဝတောတောင် ရေမြေရာသီဥတု အခြေအနေများကြောင့် ဖွံ့ဖြိုးမှုတွင် နောက်ကျနေရသည့် ပြည်နယ်တစ်ခုဖြစ်ခဲ့ပါကြောင်း။

ထို့ကြောင့် ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်အကြီးအကဲအနေဖြင့် မျက်ခြည်မပြတ် အာရုံစူးစိုက်ပြီး ဆောင်ရွက်ပေးနိုင်သည်များကို အလေးထားဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများကိုလည်း ဆောင်ရွက်ဖွယ်ရာများကို လမ်းညွှန်မှုများ ပေးလျက်ရှိကြောင်း။

ချင်းပြည်နယ်အနေဖြင့် ဆက်သွယ်သွားလာရေးတွင် လေကြောင်း၊ရေကြောင်း၊ရထားလမ်းကြောင်းများ မရှိသဖြင့် ကားလမ်းကြောင်းတစ်ခုတည်းကိုသာ အဓိကအားထားရသည့် ပြည်နယ်ဖြစ်ကြောင်း။

ကလေး-ဖလမ်း-ဟားခါးလမ်း၊ ဟားခါး-ဂန့်ဂေါလမ်း၊ ဟားခါး-မတူပီလမ်း၊ မင်းတပ်-မတူပီလမ်း စသည့် ချင်းပြည်နယ်၏ လမ်းကြီးလေးသွယ်ကိုလည်းကောင်း၊ ယင်းလမ်းမများနှင့်ဆက်စပ်နေသည့် အတွင်းလမ်းများကိုလည်းကောင်း တိုးတက်ကောင်းမွန်ရေးအတွက် ပြုပြင်တိုးချဲ့ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပြည်နယ်၏ သဘာဝအခြေအနေပေါ် မှီတည်၍ လမ်းတံတားများကို ကောင်းမွန်သည်ထက် ကောင်းမွန်အောင် ခက်ခက်ခဲခဲ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရန် လိုအပ်သကဲ့သို့ နယ်မြေဒေသအတွင်း စီးပွားရေး ဖွံ့ဖြိုးတောင့်တင်းရန်လည်း အရေးကြီးကြောင်း။

ဒေသအတွင်း စားနပ်ရိက္ခာဖူလုံရေး၊ ဝင်ငွေကောင်းကောင်းရနိုင်သည့် နှစ်ရှည်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ ဒေသနှင့်ကိုက်ညီမည့် မွေးမြူရေးလုပ်ငန်းများကိုပါ တွဲဖက်လုပ်ကိုင်ရေးတို့ကို လုပ်ကိုင်လာအောင် တိုက်တိုက်တွန်းတွန်း ဆောင်ရွက်နေရကြောင်း၊ ရည်ရွယ်ချက်မှာ ပြည်နယ်၏ စီးပွားရေး တောင့်တင်းခိုင်မာလာစေရန်ဖြစ်ကြောင်း။

ချင်းပြည်နယ်၌ မြေပြန့်လွင်ပြင် နည်းပါးသည့်အလျောက် လယ်မြေထက် ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် ဝမ်းစာစပါးကို မိရိုးဖလာ စိုက်ပျိုးဆဲဖြစ်ကြောင်း။

ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှုကို နှစ်ကာလ ရှည်ကြာစွာ လုပ်ကိုင်ခဲ့မှုကြောင့် သစ်တောများ ပြုန်းတီးခဲ့ရကြောင်း၊ တောင်ယာစိုက်ပျိုးမှုမှာလည်း ပင်ပန်းသလောက် အကျိုးမခံစားရဘဲ ဝမ်းစာစပါးကိုပင် လုံလုံလောက်လောက် မထုတ်လုပ်နိုင်ကြောင်း။

ထို့ကြောင့် မိရိုးဖလာ လုပ်ကိုင်လာသည့် တောင်ယာစနစ်အစား လှေကားထစ် လယ်ယာမြေစနစ်၊ ကုန်းမြင့်လယ်ယာမြေစနစ်တို့ကို ဖော်ထုတ်ပြီး သားစဉ်မြေးဆက်အထိ လက်ဆင့်ကမ်းစိုက်ပျိုးနိုင်အောင် ပြုပြင်ပြောင်းလဲစိုက်ပျိုးသွားကြရန်လိုကြောင်း။

သို့မှလည်း ဝမ်းစာစပါးအပါအဝင် စိုက်ပျိုးသည့်သီးနှံများ အထွက်နှုန်းတိုးမှာဖြစ်ကြောင်း၊ ဒေသဝမ်းစာဖူလုံရေးအတွက် အထွက်ကောင်းသည့် စပါးမျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးကြရန်ဖြစ်ကြောင်း၊ မိမိ၏ စားနပ်ရိက္ခာသီးနှံများကို တိုးချဲ့ စိုက်ပျိုးထုတ်လုပ်သကဲ့သို့ ဖြစ်ထွန်းနိုင်သည့် ဝင်ငွေရ နှစ်ရှည်ပင်များကိုလည်း ထိထိမိမိ စိုက်ပျိုးကြရန်ဖြစ်ကြောင်း။

ချင်းပြည်နယ်သည် လက်ဖက်စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ပြည်နယ်ဖြစ်၍ နိုင်ငံတော်အကြီးအကဲက ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်စေရန် လမ်းညွှန်ထားပြီးဖြစ်ကြောင်း။

ထို့ကြောင့် လက်ဖက်ပြည်နယ်ဖြစ်ရမည်ဟု ခံယူချက်ထား၍ လက်ဖက်ကို တစ်အုပ်တစ်မ စီးပွားဖြစ်စိုက်ပျိုးသွားရန်လိုကြောင်း၊ စီးပွားရေးအရ ဈေးကွက်လည်း ရှိပြီးဖြစ်သဖြင့် လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းကို အောင်မြင်အောင် ဖိဖိစီးစီး ဆောင်ရွက်သွားကြရန် အရေးကြီးကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်သကဲ့သို့ မွေးမြူရေးလုပ်ငန်းကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ချင်းပြည်နယ်၏ မိရိုးဖလာ သမားရိုးကျမွေးမြူရေးမှာ နွားနောက် မွေးမြူခြင်းဖြစ်ကြောင်း၊ အိမ်ထောင်စုအလိုက် နွားနောက်ကို တစ်ပိုင်တစ်နိုင်မွေးမြူခြင်းမှ တစ်အုပ်တစ်မ စီးပွားဖြစ်မွေးမြူခြင်းလုပ်ငန်းသို့ ပြောင်းလဲမွေးမြူသွားရန် လိုကြောင်း။

နွားနောက်ကို စီးပွားဖြစ်မွေးမြူနိုင်ပါက ပြည်ပသို့ တိုက်ရိုက်တင်ပို့ရောင်းချနိုင်သကဲ့သို့ တန်ဖိုးမြှင့်တင်၍လည်း အမျိုးမျိုး တင်ပို့ရောင်းချနိုင်ကြောင်း။

မိမိပြည်နယ်၏ ရေမြေရာသီဥတု အခြေအနေအရ လုပ်ကိုင်ဖြစ်ထွန်းနိုင်သော စီးပွားရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်သည်နှင့်အမျှ ချင်းပြည်နယ်သားများ၏ ဝင်ငွေတိုးတက်များပြားလာကာ လူနေမှုအဆင့်အတန်း မြင့်မားလာမှာဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်မြင်လာအောင် ဝိုင်းဝန်းကြိုးစား အားထုတ်စေလိုကြောင်း။

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်နိုင်ကိုင်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ခိုင်ခိုင်မာမာရှိရန်လည်း လိုအပ်ကြောင်း။

အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာရေးအတွက် ဖြည့်ဆည်းပေးနိုင်သည့်ကဏ္ဍမှာ ပညာရေးကဏ္ဍပင်ဖြစ်ကြောင်း၊ ဒေသတွင်း၌ ပညာတတ် လူ့အရင်းအမြစ်များ ပေါ်ထွက်လာရေးအတွက် အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးထားသည့်နည်းတူ ချင်းပြည်နယ်မြောက်ပိုင်းနှင့် တစ်သားတည်းဆက်စပ်တည်ရှိသည့် ကလေးဒေသ၌ တက္ကသိုလ်၊ ကောလိပ်များကို နိုင်ငံတော်က တည်ဆောက်ထူထောင်ပေးလျက်ရှိကြောင်း။

အခြေခံပညာနှင့် အဆင့်မြင့်ပညာများကို သင်ကြားပေးလျက်ရှိသော စာသင်ကျောင်းများသည် ပညာထူးချွန်တတ်မြောက်သော လူတော်များကိုသာမက နိုင်ငံတော်နှင့် ပြည်နယ်အတွက် တန်ဖိုးရှိသည့် အကျင့်စာရိတ္တကောင်းမွန်သော၊ စည်းကမ်းရှိသေလေးစားသော လူကောင်းများကိုလည်း မွေးထုတ်ပေးနိုင်ရမှာဖြစ်ကြောင်း။

မိမိတိုင်းပြည်၊ မိမိဒေသ၊ မိမိလူမျိုးကို ချစ်မြတ်နိုးသူများဖြစ်လာရေးအတွက်လည်း စာသင်ကျောင်းများ၌ အလေးထား ပြုစုပျိုးထောင်သွားကြရန်လည်း လိုအပ်ကြောင်း။

မိမိဒေသ အပါအဝင် ပြည်ထောင်စုကြီးတစ်ရပ်လုံး တိုးတက်ခိုင်မြဲရေး၊ တိုင်းရင်းသားလူမျိုးညီအစ်ကိုအားလုံး ချစ်ချစ်ခင်ခင် တစ်စုတစ်ပေါင်းတည်း ပေါင်းစည်းနေထိုင်ရေးဆိုသည့် ပြည်ထောင်စုစိတ်ဓာတ် ကိန်းအောင်းနေအောင် ပြုစုနိုင်ရမှာဖြစ်ကြောင်း။

ပညာတတ်များပေါ်များရန် လိုသကဲ့သို့ ယင်းပညာတတ်များသည် ကျန်းမာသန်စွမ်းသူများလည်း ဖြစ်ရန် အရေးကြီးကြောင်း၊ ထို့ကြောင့် ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် ပြည်သူများအား ကျန်းမာရေးအသိပညာပေးရန်၊ ရောဂါကြိုတင်ကာကွယ်နည်းများကို သင်ကြားပေးရန်၊ ရောဂါဖြစ်ပွားလာပါက ကုသပေးရန်ဟူသည့် ကျယ်ပြန့်သော ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ကျန်းမာသန်စွမ်းသည့်ပညာတတ်များ ပေါ်များမှသာ ဒေသရော နိုင်ငံတော်ပါ ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း။

ချင်းပြည်နယ်အတွင်း စီးပွားရေး ဖူလုံတောင့်တင်းလာစေရန်နှင့် ပြည်နယ်ဖွံ့ဖြိုးရေးကိုဖော်ဆောင်မည့် ကျန်းမာသန်စွမ်းသော ပညာတတ် ကျယ်ပြန့်များပြားစေရန် ကြိုးစားကြစေလိုကြောင်း။

နိုင်ငံတော်အပိုင်းက အထက်မှာ ရှင်းလင်းပြောကြားပြီးသည့်အတိုင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် လုပ်ကိုင်ဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူများ၏ ပညာရည်မြင့်မားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကျယ်ပြန့်ထိရောက်ရေးတို့အတွက် အလေးထား ဆောင်ရွက်လျက်ရှိသည့်အပြင် အုပ်ချုပ်ရေးယန္တရား၏ အာဏာစက် နယ်စွန်နယ်ဖျားအထိ ထိရောက်ကျယ်ပြန့်ရေး၊ ပြည်သူများကို အုပ်ချုပ်ရေး၏ လုံခြုံစိတ်ချရသည့် အရိပ်ပေးနိုင်ရေးအတွက် အဘက်ဘက် ပြုပြင်ထူထောင်မှုများလည်း ပြုလုပ်လျက်ရှိကြောင်း။

တစ်ချိန်တည်းမှာပင် ပြည်သူအများစု လိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ပထမအဆင့်လည်းဖြစ်၊ အရေးကြီးဆုံးလည်းဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူများ၊ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးဖြစ်သည့် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း။

ယခုအခါ အမျိုးသားညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့် မူများကို အခြေခံ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲလျက်ရှိပြီဖြစ်ရာ အတော်ခရီးပေါက်နေပြီဖြစ်ကြောင်း။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် မှန်ကန်သော လုပ်ငန်းအစီအစဉ်များဖြစ်သဖြင့် ယင်းလုပ်ငန်းအစီအစဉ်များ ပြီးမြောက်အောင်မြင်ရေးအတွက် နိုင်ငံသားတိုင်းက မိမိတို့တွင်တာဝန်ရှိသည်ဟုခံယူ၍ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန |
|---|---|
| (က) ဦးလှမြင့် | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) ဒေါက်တာသန်းမြင့် | ညွှန်ကြားရေးမှူးချုပ်<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (ဂ) ဦးဟန်စိုး | ကျောင်းအုပ်ကြီး<br>စစ်ကိုင်းသမဝါယမကောလိပ်<br>သမဝါယမဝန်ကြီးဌာန |

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၈-၂-၂၀၀၈ (သောကြာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၀ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၁၀ ၇။ အကပြိုင်ပွဲ
၈း၁၅ ၈။ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ English For Everyday Use.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၄း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
၅း၀၀ ၅။ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
၅း၁၅ ၆။ မြန်မာစာ၊မြန်မာစကား
၅း၂၅ ၇။ **"ဘဝသစ်ရဲ့စာမျက်နှာ" (ငြိမ်းချမ်း၊ မြတ်ကေသီအောင်၊ စိုးပြည့်သဇင်) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]**
၅း၃၀ ၈။ နှောင်းခေတ်တေးပဒေသာ
၅း၄၅ ၉။ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၇း၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လေဒီယာနှင့်ဆုံစည်းခြင်း" (အပိုင်း-၆)**
၇း၄၅ ၁၄။ ပြည်ထောင်စုစိတ်ဓာတ်မပြတ်ရင့်သန်ခိုင်မာရန်မှာတို့ဝန်တာ (အသီးတစ်ရာအညှာတစ်ခုဒို့ပြည်ထောင်စု)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူများ" (အပိုင်း-၂၅)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။





**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ၂၀၀၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်ကြစဉ်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

**✻ ကျောဖုံးမှ**

အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ ရုပ်ရှင်ထုတ်လုပ်သူများနှင့် ရုပ်ရှင်မြတ်နိုးသူပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ညကျင်းပသည့် အခမ်းအနားတွင် ၂၀၀၆ ခုနှစ်အတွင်း ထုတ်လုပ်ပြသသည့် မြန်မာရုပ်ရှင်ဇာတ်ကားများထဲမှ ထူးချွန်သည့် အနုပညာရှင်များ၊ အတတ်ပညာရှင်များကို စိစစ်ရွေးချယ်ပြီး ထူးချွန်ဆုများ ချီးမြှင့်သွားမှာဖြစ်ကြောင်း။

နိုင်ငံတော်က ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်အောင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသစ်ကို ၂၀၀၇ခုနှစ် ဇွန်လ ၂၄ရက်တွင် ဒုတိယအကြိမ် ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသစ်အနေဖြင့် လူသစ်၊ စိတ်သစ်၊ အင်အားသစ်များဖြင့် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့နေရကြောင်း။

ရုပ်ရှင်ပညာသည်များ၏ အရည်အသွေး မြင့်မားတိုးတက်စေရေးအတွက် ဒါရိုက်တာပညာ၊ ရုပ်ရှင်ဓာတ်ပုံပညာ၊သရုပ်ဆောင်ပညာ စသည့် ရုပ်ရှင်ပညာဆိုင်ရာ သင်တန်းများကိုလည်း စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးလျက် ရှိနေပြီဖြစ်ကြောင်း၊ အလားတူ ရုပ်ရှင်ပညာဆိုင်ရာ ဆွေးနွေးပွဲ၊ ဟောပြောပွဲ၊ အလုပ်ရုံဆွေးနွေးပွဲများကိုလည်း အခါအားလျော်စွာ ကျင်းပပြုလုပ်ပြီး မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပေးနေသည်ကို တွေ့ရကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်လောကသားများကို တိုက်တွန်းမှာကြားမှုများ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဖက်ကလည်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အဖွဲ့ဝင်များဖြင့် ပူးပေါင်းပြီး မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် ရုပ်မြင်သံကြားနှင့် ရုပ်ရှင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ပြန်ကြားရေးကိုယ်စားလှယ်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပသည့် ရေဒီယို၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားအပြည်ပြည်ဆိုင်ရာပြပွဲ၊ ပေကျင်းရုပ်ရှင်ပွဲတော်နှင့် တရုတ်ပြည် (၁၆)ကြိမ်မြောက် ရွှေကြက်–ရာပန်း ရုပ်ရှင်ပွဲတော်များသို့စေလွှတ်ခဲ့ကြောင်း၊ ထို့အပြင် တရုတ်၊ စင်ကာပူ၊ ဟောင်ကောင်တို့၌ ဒီဂျစ်တယ်စီနီမာ နည်းပညာများ သွားရောက်လေ့လာခဲ့သည့်အပြင် အိန္ဒိယနိုင်ငံ၌ ကျင်းပသော ရုပ်သံလွှင့်ဆိုင်ရာပြပွဲသို့ စေလွှတ်ခဲ့ပြီး သွားရောက်ကြည့်ရှု လေ့လာစေခဲ့ကြောင်း။

ယင်းကဲ့သို့ နိုင်ငံတကာလေ့လာမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများမှ တစ်ဆင့် အတွေ့အကြုံကောင်းများကို ရယူပြီး ရုပ်ရှင်လောကသားများအနေဖြင့် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းစွမ်းဆောင်သွားနိုင်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိကြောင်းကို ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်လောကသားများအနေဖြင့် ယခုကဲ့သို့ အဘက်ဘက်မှ အားတက်သရော ကြိုးပမ်းစွမ်းဆောင်နေကြသည်မှာမှန်သော်လည်း အမှန်တကယ်တွင် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုထက်ပိုပြီး ကြိုးပမ်းတိုးမြှင့် ဆောင်ရွက်ရန် လိုအပ်နေသေးသည်ဟု သုံးသပ်မိကြောင်း၊ ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက်ကျယ်ပြန့်ရေးသည် အသက်ဖြစ်သည်ဟု ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ဈေးကွက်ကျယ်ပြန့်ရေးဆိုရာမှာလည်း ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရေးသည် အဓိကကျကြောင်း၊ ထို့ကြောင့် ရုပ်ရှင်၊ဗီဒီယိုဈေးကွက်ကို ပြည်ပသို့ ထိထိရောက်ရောက် ထိုးဖောက် ရယူနိုင်ရေးအတွက် ရုပ်ရှင်လောကသားများအားလုံး နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

တစ်ဖက်ကလည်း မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်ကားများကို ပြည်ပနှင့်ပူးပေါင်းရိုက်ကူးထုတ်လုပ်ပြီး အရည်အသွေးမြင့်မားလာအောင်နှင့် နိုင်ငံခြားတွင် ပြသနိုင်အောင် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ Analogue စနစ်မှ Digital ရိုက်ကူးရေးစနစ်အထိ မြှင့်တင်နိုင်ရန် ကြိုးပမ်းကြရမှာဖြစ်ကြောင်း၊ ယင်းသို့ ပြည်ပနှင့်ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပြည်တွင်းရော ပြည်ပမှာပါ ဈေးကွက်တိုးချဲ့နိုင်မှာဖြစ်သကဲ့သို့ နည်းပညာ၊ နိုင်ငံတကာအတွေ့အကြုံနှင့် ဝင်ငွေအကျိုးအမြတ်များကိုလည်း ရရှိနိုင်မှာဖြစ်ကြောင်း၊ နောက်တစ်ချက်မှာ အရည်အသွေးမြင့်သည့် ရုပ်ရှင်ဇာတ်ကားကောင်းများ ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတကာနည်းတူ သင့်လျော်သည့် Studio ကြီးများရှိရန် လိုအပ်နေပြီဖြစ်ကြောင်း၊ ယင်းသို့ နိုင်ငံတကာအဆင့်မီ Studio ကြီးများ ထူထောင်နိုင်ရေးအတွက်လည်း ရုပ်ရှင်လောကသားများအနေဖြင့် တစ်ဦးချင်း ဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ပူးပေါင်းဆောင်ရွက်သွားသင့်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း မူဘောင်နှင့်အညီ တတ်နိုင်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း။

ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်ဇာတ်ကားများ အရည်အသွေးတိုးတက်အောင် ဆောင်ရွက်သည်နှင့်အညီ တစ်ဖက်ကလည်း ပြည်တွင်းရုပ်ရှင်ပြသမှုစနစ် အရည်အသွေးမြင့်မားလာအောင် ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ထို့ကြောင့် ရုပ်ရှင်လောကသားများအနေဖြင့် ရုပ်ရှင်ပြသမှုစနစ်ကိုလည်း ယနေ့သုံးနေသော Analogue စနစ်မှ E-Cinema, D-Cinema စနစ်များကို တက်လှမ်းဖို့ရန် ကြိုးပမ်းကြရမည်ဖြစ်သည်ဟု ပြောကြားလိုပါကြောင်း၊ အလားတူ ပြည်တွင်းရုပ်ရှင်ပြသမှုစနစ် အဆင့်မြင့်လာသည်နှင့်အညီ ရုပ်ရှင်ရုံများ ခေတ်မီအောင်၊ အဆင့်မြင့်အောင်လည်း ကြိုးပမ်းကြမှာဖြစ်ကြောင်း။

မိမိတို့အနေဖြင့် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက်

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ➪**



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု ရရှိသော နန္ဒာလှိုင်အား ဆုချီးမြှင့်စဉ်။**

(သတင်းစဉ်)

**အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုရရှိသော ရန်အောင်အား ဂုဏ်ပြုနှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)



**အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုရရှိသော နန္ဒာလှိုင်အား ဂုဏ်ပြုနှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)



# မြဝတီရုပ်မြင်သံကြားအစီအစဉ်

## ၈–၂–၂၀၀၈ (သောကြာနေ့)

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၂။ | ပြီးပါပြီ။ |

### ညပိုင်း

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄း၃၅ | ၄။ | မဟာဂီတ ချိုကြည်မြ |
| ၄း၅၅ | ၅။ | မျိုးချစ်တပ်မတော် |
| ၅း၀၀ | ၆။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၅း၂၅ | ၇။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၅း၃၅ | ၈။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆း၃၀ | ၁၁။ | စောင့်မျှော်ရှုစားကြိုးဝိုင်းစကား |
| ၆း၄၅ | ၁၂။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇း၀၀ | ၁၃။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပုံရိပ်ပမာ" အပိုင်း(၇၀)** |
| ၈း၀၀ | ၁၄။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၅။ | မိုးလေဝသသတင်း |
| | ၁၆။ | အမျိုးသားရေးတေးကဗျာ |
| | ၁၇။ | စေညွှန်ရာလမ်းမများ တက္ကစီမင်းနှင့်စွန့်စားမှု |
| | ၁၈။ | စိုက်ပျိုးသုတ |
| | ၁၉။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၀။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "စည်းခြားထားသောအချစ်" (အပိုင်း–၄)** |
| | ၂၁။ | သင့်အတွက်မနက်ဖြန် |
| | ၂၂။ | အပိတ်နှုတ်ဆက်စကား |
| | ၂၃။ | ပြီးပါပြီ။ |

# တပ်မတော်အစိုးရလက်ထက် ပွံ့ဖြိုးတိုးတက်လာသော ကရင်ပြည်နယ်



ကရင်ပြည်နယ် ဘားအံမြို့တွင် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဖြည့်ဆည်းပေးရန် ဖွင့်လှစ်ထားသော ဘားအံအထူးကုဆေးရုံကြီးကို တွေ့ရစဉ်။

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၁၉၈၈ | ၂၀၀၇ | တိုးတက်မှု |
|---|---|---|---|---|---|
| ၁ | စိုက်ပျိုးမြေဧရိယာ | ဧက | ၄၉၇၇၇၉ | ၈၇၇၉၉၃ | ၃၈၀၂၁၄ |
| ၂ | ဆည်တမံ | ခု | ၆ | ၉၃ | ၈၇ |
| ၃ | မြစ်ရေတင်လုပ်ငန်း | ခု | – | ၆ | ၆ |
| ၄ | ကြိုးဝိုင်းတော | စတုရန်းမိုင် | ၁၆၃၃ | ၁၇၅၂ | ၁၁၉ |
| ၅ | ကြိုးပြင်ကာကွယ်တော | စတုရန်းမိုင် | – | ၁၆၈၉.၈ | ၁၆၈၉.၈ |
| ၆ | ကားလမ်း | မိုင် | ၅၅၄ | ၁၁၂၈.၈ | ၅၇၄.၈ |
| ၇ | ပေ(၁၈၀)အထက်တံတား | စင်း | ၈ | ၁၅ | ၇ |
| ၈ | စာတိုက်စခန်း | ခု | ၂၇ | ၃၄ | ၇ |
| ၉ | ကြေးနန်းရုံး | ရုံး | ၇ | ၁၃ | ၆ |
| ၁၀ | တယ်လီဖုန်းရုံး | ရုံး | ၅ | ၂၄ | ၁၉ |
| ၁၁ | မိုက္ကရိုဝေ့ဗ်စခန်း | ခု | ၁ | ၄ | ၃ |
| ၁၂ | နိုင်ငံပိုင်စက်ရုံ | ရုံ | ၇ | ၈ | ၁ |
| ၁၃ | ပုဂ္ဂလိကစက်ရုံ | ရုံ | ၄၀၉ | ၅၂၄ | ၁၁၅ |
| ၁၄ | အခြေခံပညာကျောင်း | ကျောင်း | ၁၁၄၉ | ၁၃၁၇ | ၁၆၈ |
| ၁၅ | တက္ကသိုလ်၊ ကောလိပ် | ခု | ၁ | ၂ | ၁ |
| ၁၆ | နည်းပညာတက္ကသိုလ်၊ ကောလိပ် | ခု | – | ၁ | ၁ |
| ၁၇ | ကွန်ပျူတာတက္ကသိုလ် | ခု | – | ၁ | ၁ |
| ၁၈ | ဆေးရုံများ | ရုံ | ၁၇ | ၂၇ | ၁၀ |



**သံလွင်တံတား (ဘားအံ)**

ကရင်ပြည်နယ်နှင့်အခြား ပြည်နယ်နှင့်တိုင်းများ ဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့စေရန် အတွက် သံလွင်မြစ်ကို ဖြတ်ကျော်တည်ဆောက်ပေးထားသော သံလွင်တံတား(ဘားအံ)။

# (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြု




## ဘားအံ တက္ကသိုလ်

ကရင်ပြည်နယ်အတွင်း အဆင့်မြင့်နည်းပညာသင်ယူမှု အခွင့်အလမ်းများ တိုးပွားစေရေးအတွက် တည်ဆောက် ဖွင့်လှစ် ပေးထားသည့် ဘားအံ တက္ကသိုလ်ကို ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

# အနာဂတ်ရှိသောနိုင်ငံ၊ အခြေခံကောင်းသည့်လူမျိုးနှင့် ချစ်ကြည်မြတ်နိုး သယ်ပိုးအပ်သောတာဝန်

သီဟအောင်

တစ်မျိုးသားလုံး စည်းလုံးညီညွတ်သည့်စွမ်းအား၊ မိမိတို့ရှိသည့် သဘာဝသယံဇာတ အရင်းအမြစ်များနှင့် ယနေ့တည်ဆောက်နေသည့် လူ့စွမ်းအားအရင်းအမြစ်များကို ပေါင်းစပ်လိုက်လျှင် မိမိတို့နိုင်ငံသည် အနာဂတ်ရှိသောနိုင်ငံ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ ဖြစ်လာမည်ဖြစ်သည်။

မျိုးချစ်စိတ်ဓာတ်သည် နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာရှိစေပြီး ပြည်ထောင်စုစိတ်ဓာတ်သည် ချစ်ကြည်စည်းလုံးညီညွတ်ရေးကို ဖြစ်စေသည်။ မိမိတို့နိုင်ငံအတွက် ဤအရည်အသွေးသည် အခြေခံပင်မအင်အားဖြစ်သည်။ ဤအခြေခံ ပင်မအင်အားသည် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို တိုးတက်ဖွံ့ဖြိုးစေရန် စွမ်းဆောင်နိုင်သကဲ့သို့ ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ရေးအတွက် ညီး အစဉ်စောင့်ထိန်းကာကွယ်နိုင်မည်ဖြစ်သည်။ ဤလုပ်ငန်းတာဝန်သည် နိုင်ငံသားများအတွက် မြင့်မြတ်သည့်တာဝန်ကြီးဖြစ်သည်။

**နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၁၉-၅-၁၉၉၉ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မိန့်ကြားသည့် သြဝါဒစကားမှ**

မြန်မာနိုင်ငံသည် ပထဝီဝင်ဖွဲ့စည်းမှုအရ သဘာဝသယံဇာတ အခြေခံကောင်းများဖြင့် ပြည့်စုံကြွယ်ဝသော နိုင်ငံဖြစ်သည်။ လူ့ယဉ်ကျေးမှုသမိုင်းဖြစ်စဉ်အရလည်း ရိုးရာယဉ်ကျေးမှုအစဉ်အလာ အခြေခံကောင်းများ ထွန်းကားသော နိုင်ငံဖြစ်ပေသည်။

ယနေ့မြန်မာနိုင်ငံသည် စီးပွားရေးအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခု ဖြစ်နေသေးသည့်တိုင် မြန်မာနိုင်ငံသားများအနေဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ဇာတိဥပဓိလက္ခဏာနှင့် လူမှုရေးစံများကို ထိန်းသိမ်းစောင့်ရှောက်မှုတွင် အဆင့်မြင့်မားသည့်နိုင်ငံဖြစ်ကြောင်း ဆန်းစစ်တွေ့ရှိနိုင်သည်။

မြန်မာနိုင်ငံသား၊ မြန်မာအမျိုးသားတို့၏ ထင်ရှားသော ဂုဏ်ပုဒ်များကို လေ့လာလျှင် မြန်မာတို့သည် သတ္တိရှိကြသည်၊ ဖွဲကြီးပြီး စိတ်ရှည်ကြသည်၊ အငြိုးအာဃာတကြီးမားသူများ မဟုတ်ဘဲ သည်းခံခွင့်လွှတ်တတ်ပြီး ကျေအေးလွယ်ကြသည်၊ အမျိုးကိုကာကွယ်စောင့်ရှောက် ထိန်းသိမ်းမြတ်နိုး တန်ဖိုးထားသည့် အမျိုးသားရေးစရိုက် လက္ခဏာကောင်းများနှင့် ပြည့်စုံသူများလည်း ဖြစ်ကြသည်။

မြန်မာနိုင်ငံသား၊ မြန်မာအမျိုးသားတို့၏ ဂုဏ်ပုဒ်ကို ဖော်ပြရလျှင် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးအသီးသီး၏ ကောင်းမြတ်သော အရည်အသွေးများကို စုစည်းဖော်ပြမှ သဘာဝကျမည်ဖြစ်သည်။ သာဓကပြုဖော်ပြရလျှင် မြန်မာအမျိုးသားတို့၏ ဂုဏ်ပုဒ်ဟူသည်မှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားတို့၏ ဖွဲလုံ့လရှိမှု၊ ဖော်ရွေခင်မင်မှု၊ သတ္တိ ဗျတ္တိရှိမှု၊ အစဉ်အလာထိန်းသိမ်းမှု၊ မျိုးနွယ်စောင့်ထိန်းမှု၊ ရိုးသားဖြူစင်မှုနှင့် သွက်လက်ရက်ရောမှု စသည့် အရည်အသွေးများ စုစည်းပေါင်းဆုံနေခြင်းပင်ဖြစ်သည်။

ယင်းသို့ နိုင်ငံတော်တွင် သဘာဝသယံဇာတများ ကြွယ်ဝပြီး မြန်မာတိုင်းရင်းသားတို့၏ အရည်အသွေးများ ထက်မြက်မြင့်မားပါလျက် ကိုလိုနီနယ်ချဲ့တို့၏ ပယောဂကြောင့် လွတ်လပ်ရေးနှင့်အတူ ကပ်ပါလာသည့် သွေးကွဲမှုများ၊ စိတ်ဝမ်းကွဲမှုများ၊ လက်နက်ကိုင်ဆူပူမှုများ ယနေ့ထက်တိုင် အမြစ်မပြတ်ဘဲ ရှိနေဆဲဖြစ်ကြောင်း တွေ့ရှိနိုင်ပေသည်။ ထို့ကြောင့်လည်း နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းမှု ပျက်ပြားပြီး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည်။

နှစ်ပေါင်းထောင်ချီပြီး ညီညီညွတ်ညွတ်လက်တွဲနေထိုင်ခဲ့ကြပါလျက် ကိုလိုနီနယ်ချဲ့ လက်ဟောင်းလက်သစ်များ၏ ပယောဂကြောင့် သွေးကွဲခဲ့ရသည်ကို သင်ခန်းစာယူပြီး တိုင်းရင်းသားအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ် ပြန်လည်ဖြစ်ထွန်းရှင်သန်လာစေရန် တည်ဆောက်ကြရမည်မှာ ယနေ့မြန်မာနိုင်ငံ၏ အဓိကကျသည့် သမိုင်းပေးတာဝန်ဖြစ်သည်။



**အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု**

ထို့အတူ တည်ငြိမ်အေးချမ်းမှုမရှိသဖြင့် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည့် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်အဖြစ် တည်ဆောက်ရေးသည် ယနေ့မြန်မာနိုင်ငံသားတို့၏ ပဓာနကျသည့် အမျိုးသားရေးတာဝန်ဖြစ်သည်။

ကိုလိုနီနယ်ချဲ့တို့ကြောင့် လက်လွတ်ဆုံးရှုံးခဲ့ရဖူးသည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အမျိုးသားခေါင်းဆောင်များနှင့် မျိုးချစ်တိုင်းရင်းသားများက ပြန်လည်ရရှိအောင် စွမ်းဆောင်ပြီး နောင်လာနောက်သား မိမိတို့အား ဘိုးဘွားအမွေအနှစ်အဖြစ် ပေးအပ်ခဲ့ကြသည်။ ယင်းလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို မည်သည့်တိုင်းတစ်ပါးကမျှ မည်သည့်နည်းနှင့်မဆို တွန်းလှဲဖြိုခွဲ၍မရအောင်၊ လုယ်ကိုင်လုယ်ယမ်း၍ မရအောင် ကာကွယ်စောင့်ရှောက် ထိန်းသိမ်းတည့်မတ်နိုင်သည့် အရည်အသွေးများ ယနေ့ နိုင်ငံသားတိုင်းတွင် ကိန်းအောင်းတည်ရှိနေကြရမည်ဖြစ်ပေသည်။

ထို့ကြောင့် **တပ်မတော်အစိုးရသည် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် နိုင်ငံတော်တာဝန်ကို ရယူပြီးနောက် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အသက်ဝိညာဉ်သဖွယ်ဖြစ်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးကို အထူးအလေးထားကာ ပိုမိုခိုင်မြဲအောင် လက်တွေ့ထုထောင် တည်ဆောက်ပေးခဲ့သည်။ မွန်မြတ်ဖြူစင်သည့် စေတနာနှင့် လက်တွေ့ ဆောင်ရွက်မှုများကို နားလည်သိမြင်လာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့သည် တပ်မတော်နှင့်လက်တွဲပြီး ငြိမ်းချမ်းရေးတည်ဆောက်ခဲ့ကြသည်။**

**ဤသို့ဖြင့် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးသည် မည်သည့်ခေတ်၊ မည်သည့်အခါကနှင့်မျှ မတူတော့ဘဲ ကျယ်ပြန့်ခိုင်မာလာသည်။ သိမ်မွေ့နက်ရှိုင်းလာခဲ့သည်။ ယခုအခါ တိုင်းရင်းသားများနေထိုင်ကြသည့် နယ်စပ်ဒေသအားလုံးနီးပါး တည်ငြိမ်အေးချမ်းမှုအရသာနှင့် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ရရှိခံစားနေကြရပြီဖြစ်သည်။**

အခက်အခဲပေါင်းများစွာကို ရင်ဆိုင်ကျော်လွှားပြီး ရယူတည်ဆောက်ခဲ့ရသည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးအကျိုးရလဒ်ကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်း ဖော်ဆောင်သွားကြရဦးမည်ဖြစ်သည်။ ယင်းသို့ ကြိုးပမ်းဖော်ဆောင်ရာတွင် ပြည်ထောင်စုကြီး၏ အကျိုးစီးပွားကို မြတ်နိုးလိုလားသည့် စိတ်ထားဖြင့် တာဝန်သိသိ၊ သစ္စာရှိရှိ ပူးပေါင်းဆောင်ရွက်ကြရမည်သာဖြစ်ပေသည်။

**မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးသည် မည်သည့်ခေတ်၊ မည်သည့်အခါကနှင့်မျှ မတူတော့ဘဲ ကျယ်ပြန့်ခိုင်မာလာသည်။ သိမ်မွေ့နက်ရှိုင်းလာခဲ့သည်။ ယခုအခါ တိုင်းရင်းသားများ နေထိုင်ကြသည့် နယ်စပ်ဒေသအားလုံးနီးပါး တည်ငြိမ်အေးချမ်းမှုအရသာနှင့် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ရရှိခံစားနေကြရပြီဖြစ်သည်။**

၂၀၀၈ခုနှ...
အမှ...

(၁) ပြည်ထောင်စုမပြို...
ခိုင်မြဲရေးဟူသော...
(၂) တိုင်းရင်းသားပြ...
(၃) ပြည်ထောင်စုကြီ...
ကာကွယ်ထိန်းသိ...
(၄) နိုင်ငံတော် တည်ငြိ...
ပြည်ပ အဖျက်သ...
ကာကွယ်တားဆီ...
(၅) အမျိုးသားညီလာ...
ခိုင်မာသည့် ဖွဲ့...
ဆောင်ရွက်ရေး၊...
(၆) နိုင်ငံတော်ရှေ့ဆက...
ပြည်ထောင်စုတို...

**အမျိုးသားပြန်လည်စည်းလုံးညီ...
ပေးနေသော တပ်မတော်အစိုးရသ...
ရေးကိုလည်း ကြိုးပမ်းတည်ဆော...
ဖြစ်သည်။ နိုင်ငံ၏ အသက်သွေ...
အခြေခံအဆောက်အအုံများ၊ စွမ်းအ...
ကျေးလက်နှင့် နယ်စပ်ဒေသမကျန်...
ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း...
ရေး အခြေခံလိုအပ်ချက်များကို နေ...
ပေးလျက်ရှိသည်။**

ယင်းသည် နိုင်ငံတစ်ဝန်းလ...
လျော့နည်းပြီး ပြည်ထောင်စုကြီး ရှ...
ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းပင်...
တွင် မြန်မာနိုင်ငံ၏ ပကတိအခြေ...
လက်တွေ့ဘဝကို နားလည်စာနာမှ...
ပြီး ရုပ်သေးရုပ်သဖွယ် ကြိုးကို...
နိုင်ငံကြီးအချို့က မြန်မာ့ပြည်...
နှောင့်ယှက်နေကြောင်း အားလုံးသ...

ခိုင်မာပါသည်ဆိုသည့် အချို...
တိုင်းတစ်ပါး၏ စွက်ဖက်မှုနှင့် ပြည်...
ကာလတွင် အချိန်တိုအတွင်း ဖရိုဖ...
ယဉ်ကျေးမှု အမွေအနှစ်များ ပျက်စီး...
ဖြစ်ကြရသည်။ လူမှုစီးပွားရေးဘဝ...
အပျက်များကို မြင်တွေ့ကြားသိနေ...
လွတ်လပ်သောလူမျိုး ဖြစ်ရကျိုးန...

**နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတ...
အခြေခံအကျဆုံးသည် ပညာရေးပင်...
လုံး ပညာရည်မြင့်မားလာမှ အ...
တိုးတက်လျက် အယူအဆများလည်...
လူမျိုး ဖွံ့ဖြိုးတိုးတက်စေရန်အတွ...
နိုင်မည်ဖြစ်သည်။**

ထို့ကြောင့် စိုက်ပျိုးရေးဖွံ့ဖြိုး...
ဘက်စုံဖွံ့ဖြိုးသောနိုင်ငံ၊ ပညာတတ်...
နိုင်ရေးအတွက် ဒေသအလိုက် အ...
များပြားလုံလောက်စွာ ပေါ်ထွန်...
ဆောင်ရွက်လျက်ရှိကြောင်း တွေ့...
အသီးသီးတွင် အထူးဖွံ့ဖြိုးရေးဒေသ...
ပညာ၊ ကွန်ပျူတာပညာ၊ နည်းပညာ...
သင်ယူနိုင်ရေးအတွက် တက္ကသိုလ်...
လျက်ရှိသည်။ ပညာရေးကဏ္ဍမှ ...
အတွင်း ပြည်ထောင်စုကြီးကို ကာကွ...
အံ့မခန်းရှိသည့် မျိုးဆက်သစ် လူ...
အပြောက်အပြားကို မွေးထုတ်ပေ...

ယနေ့ မြန်မာနိုင်ငံလူဦးရေ...
စားနပ်ရိက္ခာ ဖူလုံရေးအတွက် အ...
လာမည့် လူဦးရေ သန်း ၁၀၀ ဖူလ...
ဆောင်ရွက်လျက်ရှိရာ ယခုအခါ...

# ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့

## အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

(၃) ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

(၄) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်း ကာကွယ်တားဆီးရေး၊

(၅) အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့် အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် တိုင်းရင်းသားအားလုံး ကြိုးပမ်း ဆောင်ရွက်ရေး၊

(၆) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

**အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို လက်တွေ့ဖော်ဆောင်ပေးနေသော တပ်မတော်အစိုးရသည် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ကြိုးပမ်းတည်ဆောက်ပေးနေကြောင်း တွေ့ရှိရမည်ဖြစ်သည်။ နိုင်ငံ၏ အသက်သွေးကြောသဖွယ်ဖြစ်သည့် စီးပွားရေး အခြေခံအဆောက်အအုံများ၊ စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ကျေးလက်နှင့် နယ်စပ်ဒေသမကျန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေး အခြေခံလိုအပ်ချက်များကို နေ့မအား ညမနား ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည်။**

ယင်းသည် နိုင်ငံတစ်ဝန်းလုံး ဆူကြုံနိမ့်မြင့် ကွာဟချက်များ လျော့နည်းပြီး ပြည်ထောင်စုကြီး ရှင်သန် တောင့်တင်းခိုင်မာရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းပင်ဖြစ်သည်။ ယင်းသို့သော အခြေအနေတွင် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်နှင့် မြန်မာနိုင်ငံသားတို့၏ လက်တွေ့ဘဝကို နားလည်စာနာမှုမရှိဘဲ မြန်မာနိုင်ငံကို စိုးမိုးခြယ်လှယ်ပြီး ရုပ်သေးရုပ်သဖွယ် ကြိုးကိုင်အသုံးချနိုင်ရန် ကြိုးပမ်းနေသည့် နိုင်ငံကြီးအချို့က မြန်မာ့ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေကြောင်း အားလုံးအသိပင်ဖြစ်သည်။

ခိုင်မာပါသည်ဆိုသည့် အချို့သော ပြည်ထောင်စုနိုင်ငံများသည် တိုင်းတစ်ပါး၏ စွက်ဖက်မှုနှင့် ပြည်ပ ပယောဂများကြောင့် မျက်မှောက်ကာလတွင် အချိန်တိုအတွင်း ဖရိုဖရဲ ပြိုကွဲသွားပြီး အသက်အိုးအိမ်များ၊ ယဉ်ကျေးမှု အမွေအနှစ်များ ပျက်စီးဆုံးရှုံးကြရသည်။ သေကျေအနာတရဖြစ်ကြရသည်။ လူမှုစီးပွားရေးဘဝ ချွတ်ခြုံကျနေကြရသည်။ ယင်းအဖြစ်အပျက်များကို မြင်တွေ့ကြားသိနေကြပြီဖြစ်ရာ သင်ခန်းစာယူတတ်ပါမှ လွတ်လပ်သောလူမျိုး ဖြစ်ရကျိုးနပ်ပေမည်။

**နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံအကျဆုံးသည် ပညာရေးပင်ဖြစ်သည်။ နိုင်ငံနှင့်ချီ၍ တစ်မျိုးသားလုံး ပညာရည်မြင့်မားလာမှ အသိဉာဏ်ပွင့်လင်းပြီး အတွေးအခေါ် တိုးတက်လျက် အယူအဆများလည်း မှန်ကန်လာပေမည်။ တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကိုယ်ပိုင်စွမ်းအားဖြင့် စွမ်းဆောင်နိုင်မည်ဖြစ်သည်။**

ထို့ကြောင့် စိုက်ပျိုးရေးဖွံ့ဖြိုးသော နိုင်ငံ၊ စက်မှုဖွံ့ဖြိုးသောနိုင်ငံ၊ ဘက်စုံဖွံ့ဖြိုးသောနိုင်ငံ၊ ပညာတတ်နိုင်ငံအဖြစ်သို့ အဆင့်ဆင့် တက်လှမ်းနိုင်ရေးအတွက် ဒေသအလိုက် အသိပညာရှင်၊ အတတ်ပညာရှင်များ များပြားလုံလောက်စွာ ပေါ်ထွန်းလာနိုင်ရေး အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိနိုင်ပေသည်။ ပြည်နယ်နှင့် တိုင်းအသီးသီးတွင် အထူးဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခုကို အခြေခံပြီး အဆင့်မြင့်ပညာ၊ ကွန်ပျူတာပညာ၊ နည်းပညာများကို ဒေသအတွင်းလက်လှမ်းတမီ သင်ယူနိုင်ရေးအတွက် တက္ကသိုလ်အသီးသီးကို ထူထောင်ဖွင့်လှစ်ပေးလျက်ရှိသည်။ ပညာရေးကဏ္ဍမှ ဤခြေလှမ်းသစ်သည် နောင် ၁၀နှစ်အတွင်း ပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက် တည်ဆောက်နိုင်စွမ်း အံ့မခန်းရှိသည့် မျိုးဆက်သစ် လူငယ်အတတ်ပညာရှင်၊ အသိပညာရှင် အမြောက်အမြားကို မွေးထုတ်ပေးနိုင်တော့မည်ဖြစ်သည်။

ယနေ့ မြန်မာနိုင်ငံလူဦးရေ ၅၆ သန်းကျော်ရှိသည်။ ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံရေးအတွက် အဓိကသီးနှံ ဆန်ကို နောင်ဖြစ်ပေါ်လာမည့် လူဦးရေ သန်း ၁၀၀ ဖူလုံစွာ စားသုံးနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုအခါ တစ်နှစ်လျှင် စပါးတင်းသန်းပေါင်း ၁၅၀၀ ထွက်ရှိနေပြီ ဖြစ်သည်။ အနာဂတ် လူဦးရေ သန်း ၁၀၀ အတွက် ဆန်ရိက္ခာစိတ်ချရပြီ။ ထိုမျှမက တစ်နှစ်လျှင် စပါးတင်းသန်းပေါင်း ၂၀၀၀ ထွက်ရှိအောင် ဆက်လက်စီမံဆောင်ရွက်နေကြောင်း တွေ့ရှိနိုင်ပေသည်။

တစ်နှစ်ပတ်လုံး ရေရရှိစိုက်ပျိုးနိုင်ရေးအတွက် တပ်မတော်အစိုးရလက်ထက်တွင် ဆည်တမံပေါင်း ၂၀၇ခု၊ မြစ်ရေတင်စီမံကိန်း ၃၀၅ခု၊ မြေအောက်ရေရရှိရေး ရေတွင်းပေါင်း ၇၅၆၉ တွင်း၊ ကျေးလက်ဆည်ပေါင်း ၁၀၂၃ခု တည်ဆောက်ပေးထားနိုင်ခဲ့ပြီးဖြစ်သည်။ ၁၉၈၈ ခုနှစ်က ရေသွင်းစိုက်ပျိုးနိုင်သည့် စိုက်ပျိုးမြေဧက ၁ဒသမ ၃၃၆ သန်းသာရှိခဲ့ရာမှ ယခုအခါ ဧက ၄ဒသမ ၉ သန်းအထိ စိုက်ပျိုးမြေများ တိုးတက်လာသည်။ သီးနှံစိုက်စွမ်းအားသည် ၁၉၈၈ခုနှစ်က ၁၂ ရာခိုင်နှုန်းသာ ရှိခဲ့ရာမှ ယခုအခါ ၁၆၁ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည်။

ထို့ကြောင့် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ပဲအများဆုံးတင်ပို့သည့် နိုင်ငံအဖြစ် ရပ်တည်နိုင်လျက်ရှိသည်။ ဆီထွက်သီးနှံစိုက်ဧက အနေဖြင့် ယခင် ဧက ငါးသန်းသာရှိရာမှ ယခုအခါ ဧက ၇ဒသမ ၄ သန်းအထိ တိုးမြှင့်စိုက်ပျိုးနေသည်။ နောင်လာမည့် လေးနှစ်အတွင်း စားသုံးဆီဖူလုံအောင် စိုက်ပျိုးထုတ်လုပ်နိုင်တော့မည်ဖြစ်ရာ နှစ်စဉ် တိုးတက်လာမည့် လူဦးရေကို လုံလောက်ဝလင်စွာ ကျွေးမွေးနိုင်ရန်အတွက် ပြည်တွင်းအင်အား ပြည်တွင်းမှာပင်အခိုင်အမာ အရန်သင့်ရှိနေလေပြီ။

စက်မှုကဏ္ဍကိုကြည့်လျှင် စက်မှုနိုင်ငံအဖြစ်သို့ တက်လှမ်း ထူထောင်နိုင်ရေးအတွက် စက်မှုဇုန် ၁၈ ဇုန် ဖွင့်လှစ်ပြီး ပုဂ္ဂလိက စက်မှုလုပ်ငန်းများ မြင့်မားတိုးတက်အောင် အားပေးကူညီလျက်ရှိသည်။ ၁၉၈၈ခုနှစ်က နိုင်ငံပိုင် စက်ရုံ ၆၂၄ ရုံနှင့် ပုဂ္ဂလိက စက်ရုံ အလုပ်ရုံ ၂၆၆၉၀ ရှိရာမှ ယခုအခါ နိုင်ငံပိုင် စက်ရုံ ၇၉၄ ရုံနှင့် ပုဂ္ဂလိက စက်ရုံ အလုပ်ရုံ ၄၃၅၀၆ အထိ ရှိလာသည်။ စက်မှုကဏ္ဍမှ နှစ်စဉ် ၂၅ရာခိုင်နှုန်းခန့် တိုးမြှင့်ထုတ်လုပ်နိုင်လျက်ရှိပြီး ထုတ်လုပ်မှု ပမာဏ ရှစ်ဆအထိ တိုးတက်နေပေသည်။

**နိုင်ငံတော်တာဝန်ကို သယ်ပိုးထမ်းဆောင်နေသော တပ်မတော်သည် မြန်မာနိုင်ငံ၏ ခေတ်ပြောင်း၊ စနစ်ပြောင်းတာဝန်ကြီးကို နိုင်ငံသားများ၏ လိုအင်ဆန္ဒနှင့်အညီ ထမ်းဆောင်နေခြင်းပင်ဖြစ်သည်။ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ထူထောင်နိုင်ရေးအတွက် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ၏ စားဝတ်နေမှု ဖူလုံစေရေးနှင့် ပညာတတ်နိုင်ငံဖြစ်ရေး စသည့် အခြေခံလိုအပ်ချက်များကို ဦးတည်ချက်(၁၂)ရပ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။**

**ယနေ့အချိန်အခါကဲ့သို့ အသွင်ကူးပြောင်းရေးကာလတွင် အုပ်ချုပ်ရေး၏ အနှစ်သာရမှာ စည်းကမ်းပြည့်ဝပြီး စစ်မှန်သော ဒီမိုကရေစီစနစ်ကျင့်သုံးနိုင်ရေးအတွက် အလေ့အကျင့်ကောင်းများ ရရှိအောင် ပူးပေါင်းဆောင်ရွက်ရေးပင်ဖြစ်သည်။ ဒီမိုကရေစီကျင့်စဉ်ဆိုသည်မှာ မင်းမဲ့စရိုက်နှင့် ပါးလွှာသော ခြားနားမှုသာရှိသည့်အတွက် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကျင့်စဉ် ဖြစ်ထွန်းလာအောင် ပြည်သူတစ်ရပ်လုံးကလည်း ပါဝင်ပူးပေါင်းပြီး လိုက်နာကျင့်သုံးသွားကြရန် လိုအပ်ပေသည်။**

အဆင့်မီ နိုင်ငံသားဟူသည် ရိုးသားဖြူစင်မှုရှိပြီး အပြုသဘော အကောင်းမြင်ဖြင့်သာ ကြိုးပမ်းအားထုတ်လေ့ရှိသည်။ လူ့လောက ကောင်းကျိုးကို အလေးထားပြီး အကျိုးဆောင်လိုစိတ်ရှိသည်။ ပြည်သူ့နီတိ အရည်အချင်းများရှိပြီး လောကနီတိ၊ ဓလေ့ထုံးတမ်းတို့နှင့်အတူ အမျိုးအနွယ်ကို ကာကွယ်စောင့်ရှောက်သည်ဟူသော အဓိပ္ပာယ် ဖွင့်ဆိုချက်နှင့်အညီ မိမိတို့အားလုံး အဓိပ္ပာယ်ရှိသော လူ့စွမ်းအား အရင်းအမြစ်များ၊ အခြေခံရှိသော နိုင်ငံ့သားကောင်းများဖြစ်အောင် ကိုယ်စီကိုယ်င ကြိုးပမ်းအားထုတ်နေကြရမည်ဖြစ်သည်။

မြန်မာ့လူ့ဘောင် အဖွဲ့အစည်းသည် တည်ငြိမ်မှုနှင့် အေးချမ်းသာယာမှုကို လိုလားမြတ်နိုးသော လူ့ဘောင်အဖွဲ့အစည်းဖြစ်သည်။ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းဟု ရည်ညွှန်းလိုက်သည်နှင့် မိမိဒေသကို မြတ်နိုးတွယ်တာခြင်း၊ မိမိအမျိုးအနွယ်ကို စောင့်ရှောက်ခြင်း၊ မိမိလူမျိုးနှင့် ဇာတိဂုဏ်ကို အသက်ပေးကာကွယ်ခြင်းဟု အဓိပ္ပာယ်ရရှိပေသည်။ ဤသို့ အဓိပ္ပာယ်ရရှိကြောင်းကို မြန်မာလူမျိုးတို့၏ ဘိုးဘွားဘီဘင် လက်ထက်မှ သားစဉ်မြေးဆက်အထိ ရှင်သန်နေသော သမိုင်းအစဉ်အလာကောင်းများက သက်သေထူလျက်ရှိသည်။

မျက်မှောက်ခေတ်တွင် နိုင်ငံတကာ၌ စီးပွားရေးပြဿနာများ ဖြစ်ပေါ်နေသည်ကို အခွင့်ကောင်းယူပြီး မြန်မာနိုင်ငံအပေါ် သြဇာလွှမ်းမိုးလိုသည့် နိုင်ငံကြီးအချို့နှင့် ၎င်းတို့၏ လက်ပါးစေ လက်ဝေခံများက မြန်မာနိုင်ငံအား စီးပွားရေးပိတ်ဆို့ကာ အကျပ်အတည်း ဖြစ်စေရန်နှင့် နိုင်ငံ့စီးပွားရေး ထိခိုက်စေရန် လုပ်ဆောင်နေကြကြောင်း နိုင်ငံတကာကပင် သိရှိနေလေပြီ။ ယင်းသို့ ပြည်ပမှ စွက်ဖက်နှောင့်ယှက်မှုများ ရှိနေသော်ငြားလည်း နိုင်ငံတော်အစိုးရက ပြည်တွင်းဖူလုံရေးအတွက် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်စေရန် သွင်းကုန်အစားထိုးလုပ်ငန်းများ ဖြစ်ထွန်းလာစေရေးနှင့် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေးတို့ကို ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရမည်ဖြစ်သည်။

သို့ဖြစ်၍ **တိုင်းပြည်ကို အမှန်တကယ်ချစ်မြတ်နိုးသူတိုင်း၊ အမိ နိုင်ငံတော်ကို ကမ္ဘာနှင့်ရင်ပေါင်တန်းစေချင်သည်ဆိုသည့် နိုင်ငံသားတိုင်းသည် ရေပက်မဝင်သော တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ကြရပေမည်။ နိုင်ငံနှင့်လူမျိုးကို အပြောဖြင့်မဟုတ်ဘဲ လက်တွေ့ချစ်ပြနိုင်ရန်အတွက် ကြိုးပမ်းအားထုတ် အလုပ်လုပ်ကြရမည်ဖြစ်သည်။**

သမိုင်းစဉ်တစ်လျှောက် ညီညွတ်ခဲ့သည့် အစဉ်အလာ၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တိုက်ဖျက်ရေးနှင့် လွတ်လပ်ရေးကြိုးပမ်းမှု ကာလများတွင် အချင်းချင်း နားလည်ယုံကြည်မှု အပြည့်အဝဖြင့် စည်းလုံးချစ်ကြည်ခဲ့ကြသည့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်း မြှင့်တင်ကြရပေမည်။

မိမိတို့နိုင်ငံသည် ရေခံမြေခံ အခြေခံကောင်းများရှိသော နိုင်ငံ၊ မိမိတို့လူမျိုးသည် ထက်မြက်သည့်လူမျိုး၊ အတွေးအခေါ်ရှိပြီး လုပ်ရည်ကိုင်ရည်ရှိသော လူမျိုးဖြစ်ရာ မိမိတို့၏ ကိုယ်ပိုင်စွမ်းပကားနှင့် သဘာဝ သယံဇာတပစ္စည်းများကို ပေါင်းစပ်၍ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြပါက မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ထိပ်တန်းနိုင်ငံအဆင့်သို့ မကြာမြင့်မီကာလအတွင်း ရောက်ရှိတက်လှမ်းနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသတည်း။ ။

## ပြည်ထောင်စုစိတ်ဓာတ်

- ကွဲအောင်ခွဲလည်း
  မကွဲမကွာ နီးကပ်စွာ။
- ပြတ်အောင်ဖြတ်လည်း
  မပြတ်ခဲ့ပေ ဆက်စပ်နေ။
- ခြားအောင်တားလည်း
  အကြားမထင် ရေအသွင်။
- နဲ့အောင်နဲ့လည်း
  မနဲ့မယိုင် မြဲမြဲခိုင်။
- ပြိုအောင်ဖြိုလည်း
  မပြိုမပျက် ခိုင်မြဲလျက်။
- ပျက်အောင် ဖျက်လည်း
  မပျက်မယွင်း သည်ချစ်ခြင်း။
- မြဲခိုင်ချစ်ခြင်း၊ ညီနောင်ရင်းတို့
  ရိုင်းပင်းချစ်ကြည်၊ စိတ်ထားညီမှ
  ပြည်ထောင်စုသည် အစွန့်ရှည်။
  ဖွံ့ဖြိုးဝေစည် အေးချမ်းမည်။

[(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုလျက်]

မောင်မောင်မိုးအောင်

ယနေ့အချိန်အခါကဲ့သို့ အသွင်ကူးပြောင်းရေးကာလတွင် အုပ်ချုပ်ရေး၏ အနှစ်သာရမှာ စည်းကမ်းပြည့်ဝပြီး စစ်မှန်သော ဒီမိုကရေစီစနစ်ကျင့်သုံးနိုင်ရေးအတွက် အလေ့အကျင့်ကောင်းများ ရရှိအောင် ပူးပေါင်းဆောင်ရွက်ရေးပင်ဖြစ်သည်။ ဒီမိုကရေစီကျင့်စဉ်ဆိုသည်မှာ မင်းမဲ့စရိုက်နှင့် ပါးလွှာသော ခြားနားမှုသာ ရှိသည့်အတွက် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကျင့်စဉ် ဖြစ်ထွန်းလာအောင် ပြည်သူတစ်ရပ်လုံးကလည်း ပါဝင်ပူးပေါင်းပြီး လိုက်နာကျင့်သုံးသွားကြရန် လိုအပ်ပေသည်။



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုရရှိသော မေသဥ္ဇာဦးအား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုရရှိသော ဖိုးကျော်အား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆုရရှိသော မောင်မျိုးမင်း(ရင်တွင်းဖြစ်)အား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆုရရှိသော ဇော်မြင့်ဦးအား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)




၂၀၀၆ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ရရှိကြသူများအား တွေ့ရစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၆ မှ

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်လောကသားများ ဆောင်ရွက်ရမည့် ရည်ရွယ်ချက်(၅)ရပ်ကို ညှိနှိုင်းချမှတ်ခဲ့ပြီးဖြစ်ကြောင်း။

ယင်းတို့မှာ–

**(၁) ရုပ်ရှင် လောကသားများရဲ့ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်ရေးနဲ့ စည်းလုံးညီညွတ်ရေးကို အလေးထား ဆောင်ရွက်ကြရန်၊**

**(၂) မြန်မာ့ရုပ်ရှင်နဲ့ ဗီဒီယို ထုတ်လုပ်မှု၊ စက်မှုနည်းပညာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြရန်၊**

**(၃) မြန်မာ့ရုပ်ရှင်နဲ့ ဗီဒီယိုဇာတ်ကားများရဲ့ အဆင့်အတန်း၊ အရည်အသွေးမြင့်မားတိုးတက်အောင် ဆောင်ရွက်ကြရန်၊**

**(၄) မြန်မာ့ရုပ်ရှင်နဲ့ ဗီဒီယိုဇာတ်ကားများ ပြည်ပသို့ ထိုးဖောက်ပြသပြီး ဈေးကွက်ရရှိအောင် ဆောင်ရွက်ကြရန်၊**

**(၅) နိုင်ငံတော်ရဲ့ အမျိုးသားရေးတာဝန်များကို နိုင်ငံတော်အစိုးရနဲ့အတူလက်တွဲပူးပေါင်းထမ်းဆောင်ကြရန်**

ဆိုသည့်အချက်များပင် ဖြစ်ကြောင်း။

ထို့ကြောင့် ၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်လောကသားများက ရည်ရွယ်ချက်(၅)ရပ်ကို လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူပြီး ဘက်ပေါင်းစုံ၊ နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ထို့အပြင် မိမိအနေဖြင့် ၂၀၀၅ ခုနှစ်ကတည်းက မှာကြားတိုက်တွန်းခဲ့သည့် ရုပ်ရှင်လောက တိုးတက်ရေးလုပ်ငန်းစဉ်(၁၂)ရပ်ကိုပါ မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံးက ဦးဆောင်ပြီး ရုပ်ရှင်လောကသားအားလုံး တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြပါဟု ထပ်မံတိုက်တွန်း မှာကြားလိုကြောင်း။

ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ကြရာတွင် အခက်အခဲများ၊ ဝိရောဓိများ အများအပြားနှင့် ကြုံတွေ့ကောင်း ကြုံတွေ့မည်ဖြစ်ရာ ယခုကဲ့သို့ ကြုံတွေ့လာသော အခက်အခဲများ၊ စိန်ခေါ်မှုများကို အောင်မြင်ကျော်လွှားနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရာတွင်–

**(၁) ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ ရည်မှန်းချက်၊**

**(၂) အတ္တ၊ ပရ မျှတစွာ ဆောင်ရွက်မှု၊**

**(၃) ဓွဲ၊ လုံ့လ၊ ဝီရိယနဲ့ ကြိုးပမ်းဆောင်ရွက်မှု၊**

**(၄) စည်းလုံးညီညွတ်မှု၊**

**(၅) ပူးပေါင်းဆောင်ရွက်မှု၊**

**(၆) စိတ်ရှည်သည်းခံ နားလည်ခွင့်လွှတ်မှု**

ဆိုတဲ့ အချက်များကို အခြေခံပြီး ဖြေရှင်း ဆောင်ရွက်သွားကြမည်ဆိုလျှင် မအောင်မြင်နိုင်စရာမရှိဘူးဟု ယုံကြည်မိပါကြောင်း။

ရုပ်ရှင်လောကသားများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ လွတ်လပ်ရေး ထိန်းသိမ်းကာကွယ် စောင့်ရှောက်မှုကာလ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးကြိုးပမ်းမှုကာလများတွင် တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် တက်ကြွစည်းလုံးစွာ ပါဝင်ခဲ့ကြသကဲ့သို့ ယနေ့ခေတ်မျက်မှောက်ကာလမှာလည်း တက်ကြွညီညွတ်စွာ ပါဝင်နေကြသည်ကို တွေ့ရကြောင်း၊ အနာဂတ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်နှင့် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်အစိုးရက ယနေ့ဆောင်ရွက်နေသည့် အဆင့်(၇)ဆင့်ဖြင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်သွားကြပါစို့ဟု ထပ်မံတိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် –

- **ရုပ်ရှင်လောကနှင့် ရုပ်ရှင်လောကသားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်လောကသားများအားလုံးက ကြိုးပမ်းဆောင်ရွက်ကြပါ။**
- **မြန်မာရုပ်ရှင် လောက၏ အသက်ဟုဆိုရမည့် ရုပ်ရှင်အဆင့်အတန်း မြင့်မားရေးနှင့် ဈေးကွက် ကျယ်ပြန့်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြပါ။**
- **မြန်မာ့ရုပ်ရှင် ဇာတ်ကားများ အရည်အသွေး တိုးတက်မြင့်မားရေးအတွက် လိုအပ်မည့် စက်ပစ္စည်းများ၊ Studio များ၊ ပြည်ပနှင့် ပူးပေါင်းရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းများ၊ ရုပ်ရှင်ပြသရေးစနစ်နှင့် ရုပ်ရှင်ရုံများ နိုင်ငံတကာ အဆင့်မီဖြစ်အောင် ကြိုးပမ်းမြှင့်တင်ဆောင်ရွက်ကြပါ။**
- **မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်၊ အမျိုးသား စရိုက်လက္ခဏာများ ထိန်းသိမ်း စောင့်ရှောက်ရေးကို ရုပ်ရှင်ပညာဖြင့် ကူညီပံ့ပိုးဆောင်ရွက်ကြပါ။**
- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ပေါက်လာစေရေးအတွက် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပါဝင်ဆောင်ရွက်ကြပါ**

ဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ၂၀၀၆ ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)ရရှိကြသည့် အမည်စာရင်းများကို အကယ်ဒမီဆုရရှိပြီးသူ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ က ကြေညာကြရာ အကောင်းဆုံး ရုပ်ရှင် အသံထူးချွန်ဆုကို တောင်သမန်သစ္စာရုပ်ရှင်ဇာတ်ကားမှ ဦးမျိုးညွန့်ကလည်းကောင်း၊ အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆုကို တောင်သမန်သစ္စာရုပ်ရှင်ဇာတ်ကားမှ ဇော်မြင့်ဦးကလည်းကောင်း၊ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားတည်းဖြတ်ဆုကို မျှော်လင့်ခြင်းများစွာရုပ်ရှင်ဇာတ်ကားမှ ဇော်မင်း(ဟံသာမြေ)က လည်းကောင်း၊

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❍

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၈–၂–၂၀၀၈ (သောကြာနေ့)**

**AM & PM**

| | |
|---|---|
| ၇း၀၀–၁း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅–၁း၀၅ | "တဏှာအရှုပ်နာနာခုတ်"တရားတော် (ဆရာတော်ဘဒ္ဒန္တ တေဇိန္ဒ) |
| ၈း၁၀–၂း၁၀ | အလုံမြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓသာသနာ့နုဂ္ဂဟဆွမ်းကြီးလောင်း အသင်း (၈၁)ကြိမ်မြောက် ဆွမ်းကြီးလောင်းပွဲတော် |
| ၈း၃၀–၂း၃၀ | ကရင်ရိုးရာ ဝတ်စားဆင်ယင်မှု |
| ၈း၃၅–၂း၃၅ | တေးဂီတအစီအစဉ် |
| ၈း၄၀–၂း၄၀ | Myanmar Video Rhythm |
| ၉း၀၅–၃း၀၅ | **မြူတိမ်ကင်းသောနေ့ (အကယ်ဒမီထွန်းထွန်းဝင်း၊ မင်းထက်ကျော်ဇင်၊ စိုးမိုးကြည်၊ ပုလဲဝင်း) [ဒါရိုက်တာ–သိန်းဟန်(ဖီးနစ်)]** |
| ၉း၁၅–၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅–၃း၂၅ | တေးဂီတအစီအစဉ် |
| ၉း၃၀–၃း၃၀ | ယနေ့သိပ္ပံနှင့်နည်းပညာ |
| ၉း၄၅–၃း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၀–၃း၅၀ | တေးဂီတအစီအစဉ် |
| ၉း၅၅–၃း၅၅ | ကုံရာသီ ထမနဲပွဲ |
| ၁၀း၀၅–၄း၀၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၁၀–၄း၁၀ | တေးဂီတအစီအစဉ် |
| ၁၀း၁၅–၄း၁၅ | ART VISION In Buddha's Land Photo Exhibition MOE MIN (RAYS) |
| ၁၀း၃၅–၄း၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၄၅–၄း၄၅ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (မြင်းမိုရ်ထက်ကလူ ဗီဒီယိုဇာတ်ကားရိုက်ကွင်း အမှတ်တရ) |
| ၁၁း၀၅–၅း၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၁၀–၅း၁၀ | ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) |
| ၁၁း၃၅–၅း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀–၅း၄၀ | သစ်ခွ |
| ၁၂း၀၀–၆း၀၀ | တေးဂီတအစီအစဉ် |
| ၁၂း၀၅–၆း၀၅ | လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား |
| ၁၂း၂၅–၆း၂၅ | ဖူးစာဖက်တို့ ဆုံစည်းဖို့ရာ "မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်" |
| ၁၂း၃၅–၆း၃၅ | VJ Choice |
| ၁း၀၀–၇း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

# ကယ်လီဖိုးနီးယား အကြိုအခြေခံသမ္မတလောင်းရွေးပွဲတွင် ဟီလာရီကလင်တန်အနိုင်ရ၊ ရီပတ်ဘလီကန်ပါတီမှ မစ်ရွမ်နေး နုတ်ထွက်

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၇

**ကယ်လီဖိုးနီးယားပြည်နယ်တွင်ကျင်းပသည့် အကြိုအခြေခံသမ္မတလောင်းရွေးပွဲတွင် ဒီမိုကရက်တစ်ပါတီမှ ဝင်ရောက်ယှဉ်ပြိုင်သူ ဟီလာရီ ရောဒ်ဟမ်ကလင်တန်အား မဲဆန္ဒရှင်များက အင်နှင့်အားနှင့် မဲပေးခဲ့ကြသဖြင့် အနိုင်ရရှိသွားကြောင်း ဗုဒ္ဓဟူးနေ့တွင် ထွက်ပေါ်လာသောအဖြေက ဖော်ပြသည်။**

ကယ်လီဖိုးနီးယားတွင် ရရှိသော မဲအရေအတွက်ကို ရေတွက်လိုက်သောအခါ ကလင်တန်က စုစုပေါင်းမဲ၏ ၅၂ရာခိုင်နှုန်းကိုရရှိပြီး အီလီနွိုက်ပြည်နယ်ဆီနိတ်တာ ဘာရက်အိုဘားမားသည် စုစုပေါင်းမဲ၏ ၄၂ ရာခိုင်နှုန်းကို ရရှိသည်။

ကနဦးလေ့လာချက်များတွင် ယှဉ်ပြိုင်သူနှစ်ဦး ရရှိသည့်မဲမှာ မတိမ်းမယိမ်းရှိလိမ့်မည်ဟု တင်ထားသော်လည်း တကယ်တမ်း အဖြေထွက်လာသောအခါ ကလင်တန်က သိသိသာသာ အသာရသွားသည်ကို တွေ့ရသည်။

မဲရွေးပွဲမစတင်မီ ပြုလုပ်ခဲ့သော သဘောထားလေ့လာချက်များကို မိမိအနေဖြင့် အလေးအနက်အယုံအကြည်မရှိကြောင်း လော့စ်အိန်ဂျလိစ် မြို့တော်ဝန် အင်တိုနီယို ဗီလာရာဂိုဆာက ပြောကြားသည်။ ၎င်းသည် ဒေသအများအပြားသို့ လှည့်လည်၍ ကလင်တန်အတွက် မဲဆွယ်ပေးနေသူဖြစ်သည်။

လော့စ်အိန်ဂျလိစ်ခရိုင်တွင် မဲအားလုံး ရေတွက်ပြီးချိန်၌ နယူးယောက်ဆီနတ်တာကလင်တန်က ၅၅ ရာခိုင်နှုန်းသော မဲကို ရရှိပြီး အိုဘားမားက ၄၁ ရာခိုင်နှုန်းရရှိသည်။ အောရင်းခရိုင်၌လည်း ကလင်တန်က မဲ၏ ၅၅ ရာခိုင်နှုန်းကို ရရှိပြီး အိုဘားမားက ၃၈ ရာခိုင်နှုန်း ရရှိသည်။

အင်္ဂါနေ့ မဲများရေတွက်ပြီးချိန်တွင် ကလင်တန်က ဒီမိုကရက်တစ်ပါတီကိုယ်စားလှယ်မဲ ၈၄၅မဲကို ရရှိထားပြီး အိုဘားမားက ဒီမိုကရက်တစ် ပါတီကိုယ်စားလှယ်မဲ ၇၆၅မဲ ကိုရရှိထားသည်။ ပါတီအတွင်း၌ သမ္မတလောင်းရွေးချယ်ခံရရန် လိုအပ်သောမဲဦးရေသည် ၂၀၂၅မဲ ဖြစ်သည်။ ရီပတ်ဘလီကန်ပါတီမှ မက်ကိန်းနှင့် ယှဉ်ပြိုင်သူ မစ်ရွမ်နေးမှာ အင်္ဂါနေ့ မဲဆန္ဒပေးပွဲ၌ အခြေအနေမကောင်း၍ နုတ်ထွက်သွားသည်။

**အင်တာနက်။**

# ဖိလစ်ပိုင်နိုင်ငံ ဂျိုလိုကျွန်းတွင် တပ်ဖွဲ့ဝင်များ ဝင်ရောက်စီးနင်း၍ ရှစ်ဦးသေဆုံး

**မနီလာ ဖေဖော်ဝါရီ ၇**

ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များက ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း ဂျိုလိုကျွန်းရှိ ကမ်းခြေဒေသမှ ရွာတစ်ရွာအတွင်း ဝင်ရောက်စီးနင်းမှုများပြုလုပ်ခဲ့ရာ အမျိုးသမီးသုံးဦးနှင့် ကလေးနှစ်ဦး အပါအဝင် အရပ်သား ရှစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဖိလစ်ပိုင် တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အစ္စလာမ္မစ်သောင်းကျန်းသူအုပ်စုဖြစ်သည့် အဘူဆေယက်က ဖမ်းထားသည့် ဓားစာခံနှစ်ဦးကို ကယ်တင်ရန်အတွက် အမေရိကန်က လေ့ကျင့်ပေးထားသော လက်ရွေးစင် တပ်ဖွဲ့ဝင်များက အရဏ်မတက်မီတွင် ရွာအတွင်း ဝင်ရောက်စီးနင်းရင်း အရပ်သားများ သေဆုံးခဲ့ရခြင်း ဖြစ်သည်။

မိမိတို့က ဖော်ပြပါလုပ်ရပ်ကို ရှုတ်ချကြောင်း၊ ယင်းအမှုကို အပြည့်အစုံ စုံစမ်းစစ်ဆေးပြီး တရားခံများကို ဥပဒေအရအရေးယူပေးရန် ဂျိုလိုကျွန်းမှ အုပ်ချုပ်ရေးမှူး အက်ဒူဆာကူတန်က ပြောကြားသည်။

ဂျိုလိုကျွန်းမှ စစ်ဘက်တပ်မှူးဖြစ်သူ ဗိုလ်ချုပ် ဂူဘင်ရေဖယ်က အရပ်သားရှစ်ဦး သေဆုံးသည်ကို ဝန်ခံပြောကြားပြီး ဖြစ်ပျက်သမျှ စုံစမ်းစစ်ဆေးမှု ဆက်လက်ပြုလုပ်နေကြောင်း ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ။**




## တူရကီ ကုန်သင်္ဘောမီးလောင်

**ခရိုအေးရှားနိုင်ငံ ကမ်းလွန်ဒေသတွင် မီးလောင်နေသော တူရကီ ကုန်သင်္ဘောတစ်စင်းအား မီးငြိမ်းသတ်နေသည်ကို ဖေဖော်ဝါရီ ၆ ရက်က တွေ့ရစဉ်။**



## ကြေးမုံ The Mirror နိုင်ငံတကာရေးရာသတင်းများ

**အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အကြိုအခြေခံသမ္မတလောင်းရွေးပွဲ၌ အနိုင်ရရှိသွားသည့် ဟီလာရီကလင်တန် ၎င်းအား အားပေးထောက်ခံသူများအား နှုတ်ဆက်နေသည်ကို ဖေဖော်ဝါရီ ၅ ရက်က တွေ့ရစဉ်။**




# အစ္စရေးက ဂါဇာကမ်းမြောင်သို့ ပေးပို့နေသည့် လောင်စာဆီများ လျှော့ချမည်ဟု ခြိမ်းခြောက်

**ဂါဇာ ဖေဖော်ဝါရီ ၆**

အစ္စရေးက ဂါဇာကမ်းမြောင်ဒေသရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ဖြည့်ဆည်းပေးသည့် လောင်စာပမာဏကို လျှော့ချရန်နှင့် လျှပ်စစ်ဓာတ်အားပေးကြိုးများမှတစ်ဆင့် ဂါဇာသို့ ဖြန့်ဖြူးနေသည့် လျှပ်စစ်ဓာတ်အား ပမာဏကိုလည်းလျှော့ရန် ခြိမ်းခြောက်ကြောင်း ပါလက်စတိုင်း တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက တနင်္လာနေ့တွင် သတိပေးလိုက်သည်။

ဂါဇာကမ်းမြောင်ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံ လည်ပတ်ရန်အတွက် ဒီဇယ်ဆီ အပတ်စဉ် လီတာ ၃ဒသမ ၅ သန်းလိုအပ်ကြောင်း၊ အစ္စရေးက ယင်းစက်ရုံသို့ ဒီဇယ်ဆီ ၂ ဒသမ ၂ သန်းသာ ပေးရန်ခွင့်ပြုပြီး လာမည့် ဖေဖော်ဝါရီ ၈ ရက်မှ စတင်ကာ ယင်းပမာဏကိုလျှော့ချရန် ခြိမ်းခြောက်ကြောင်း ဂါဇာဓာတ်ဆီဆိုင်မှ ဒုတိယ ညွှန်ကြားရေးမှူးက ပြောကြားသည်။

ဟားမတ်စ်အဖွဲ့က ဂါဇာကမ်းမြောင်ကို ထိန်းချုပ်ခဲ့ပြီးနောက် ယခုနှစ် ဇန်နဝါရီလမှစတင်၍ အစ္စရေးက ယင်းဒေသသို့ ပိတ်ဆို့မှုများ တိုးမြှင့်ဆောင်ရွက်ခဲ့သည်။ ယင်းဒေသ၏ တောင်ပိုင်းနယ်မြေများသို့ ရော့ကက်ဒုံးကျည်များဖြင့် ဆက်တိုက်ပစ်ခတ်နေမှုအပေါ် တုံ့ပြန်သည့်အနေဖြင့် အစ္စရေးက လောင်စာဖြည့်ဆည်းမှုများ လျှော့ချခဲ့သည်။

**အမ်အင်အေ၊ရိုက်တာ။**

**ဂါဇာရှိ တစ်ခုတည်းသော ဓာတ်အားပေးစက်ရုံကို ဖေဖော်ဝါရီ ၅ ရက်က တွေ့ရစဉ်။**



# အာဖဂန်နစ္စတန်တွင် လမ်းဘေးဗုံးနှစ်ကြိမ်ပေါက်ကွဲ အရပ်သား ငါးဦးနှင့် ရဲတပ်ဖွဲ့ဝင် သုံးဦး သေဆုံး

**ကဘူး ဖေဖော်ဝါရီ ၇**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းရှိ စစ်သွေးကြွများက သီးခြားနေရာနှစ်နေရာတွင် လမ်းဘေးဗုံး ဖောက်ခွဲသဖြင့် အရပ်သားငါးဦးနှင့် ရဲတပ်ဖွဲ့ဝင် သုံးဦး အပါအဝင် လူရှစ်ဦး သေဆုံးကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက အင်္ဂါနေ့တွင် ပြောကြားသည်။

ပထမအကြိမ် ဗုံးဖောက်ခွဲမှုသည် ကန်ဒါဟာပြည်နယ်တွင် တနင်္လာနေ့ညက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး အခြားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိသည်။ ယင်းဗုံးသည် မိုင်းဗုံးဖြစ်ပြီး တာလီဘန်စစ်သွေးကြွများက အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု ရဲဌာနမှ အကြီးအကဲဖြစ်သူ ဆာကစ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ကန်ဒါဟာပြည်နယ်အနီးရှိ ဟယ်လမန် ပြည်နယ်တွင်လည်း အလားတူ ဗုံးတစ်လုံး တနင်္လာနေ့ညက ပေါက်ကွဲခဲ့ရာ အရပ်သားငါးဦး သေဆုံးခဲ့သည်။

စစ်သွေးကြွများက ဂျာရက်ခရိုင်တွင် တနင်္လာနေ့ညက ထောင်ထားခဲ့သည့် မိုင်းဗုံးပေါက်ကွဲမှုကြောင့် အမျိုးသမီးတစ်ဦးနှင့် ကလေးငယ် နှစ်ဦး အပါအဝင် အရပ်သားငါးဦးတို့ သေဆုံးခဲ့ကြသည်ဟု ဟယ်လမန်ပြည်နယ် ရဲအကြီးအကဲ မိုဟာမက်ဟူစိန်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ။**

# လေယာဉ်အပိုင်စီးမှုတွင် ပါဝင်ပတ်သက်ခဲ့သူ သုံးဦး အိန္ဒိယတရားရုံးက ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်

ချန်ဒီဂါး(အိန္ဒိယ) ဖေဖော်ဝါရီ ၇

**၁၉၉၉ ခုနှစ် အတွင်းက အိန္ဒိယနိုင်ငံ လေကြောင်းဌာနမှ လေယာဉ်တစ်စင်းကို ရှစ်ရက်ကြာ လေယာဉ်အပိုင်စီးမှုတွင် ပါဝင်ပတ်သက်ခဲ့သည့် လူသုံးဦးကို အိန္ဒိယတရားရုံးက အင်္ဂါနေ့က တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း ရိုက်တာသတင်းအရ သိရှိရသည်။**

အိန္ဒိယနိုင်ငံသားများ ဖြစ်ကြသည့် အဗ္ဗဒူလာတစ်နှင့်ဒါလစ်ဘူဂျေးတို့နှစ်ဦးနှင့် နီပေါမှ ယူဆွတ်နီပါလီတို့ကို ရှစ်နှစ်ကြာ စစ်ဆေးပြီးခဲ့သည့်နောက် ပူးပေါင်းကြံစည်မှုနှင့် သတ်ဖြတ်မှုဖြင့် တရားရုံးက အပြစ်ပေးခဲ့သည်ဟု ၎င်းတို့၏ရှေ့နေဖြစ်သူ ဘီအက်စ်ဆိုဒီက ပြောကြားသည်။

အဆိုပါလူသုံးဦးက လက်နက်များနှင့် နိုင်ငံကူးလက်မှတ်အတုများကို လေယာဉ် အပိုင်စီးသူများအား ဖြည့်ဆည်းပေးခဲ့သည်ဟု ပန်ဂျပ်ပြည်နယ်ရှိ ပါတီယာလာ တရားရုံးက ပြောကြားသည်။

ခတ္တမန္ဒူနှင့် နယူးဒေလီမြို့အတွင်း ပျံသန်းသည့် ခရီးသည်နှင့် လေယာဉ်ဝန်ထမ်း ၁၈၉ ဦး လိုက်ပါလာသည့် အဲယားဘတ်စ်အေ ၃၀၀ အမည်ရှိ လေယာဉ်ကို လက်နက်ကိုင်ဆောင်ထားသူ ငါးဦးက ၁၉၉၉ ခုနှစ် ခရစ်စမတ်အကြိုနေ့တွင် လေယာဉ်အပိုင်စီးခဲ့သည်။ လေယာဉ်သည် အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာဒေသတွင် မဆင်းသက်မီ အိန္ဒိယအနောက်ပိုင်း ပါကစ္စတန်နှင့် ယူအေအီးနိုင်ငံတို့တွင် ဆင်းသက်ခဲ့သည်။

လေယာဉ် အပိုင်စီးသူများက ခရီးသည်တစ်ဦးကို သတ်ဖြတ်ခဲ့သည်။ သို့ရာတွင် အိန္ဒိယအစိုးရက ကက်ရှ်မီးယား ခွဲထွက်ရေးသမား သုံးဦးကို ထောင်မှလွှတ်ပေးပြီးသည့်နောက် ကျန်ခရီးသည်များနှင့် လေယာဉ်ဝန်ထမ်းများ လွတ်မြောက်လာခဲ့သည်။

**အမ်အင်အေ၊ရိုက်တာ။**

# သက်တမ်းကြာမြင့်သည့် စစ်လက်နက်ပစ္စည်းများအား လက်နက်အသစ်များ အစားထိုးရန် အင်ဒိုနီးရှားသမ္မတပြောကြား

**ဂျကာတာ ဖေဖော်ဝါရီ ၆**

အင်ဒိုနီးရှားတပ်ဖွဲ့များတွင် အသုံးပြုနေသော သက်တမ်းကြာမြင့်နေသည့် စစ်လက်နက်ပစ္စည်းများနေရာတွင် ခေတ်မီလက်နက်အသစ်များ အစားထိုးရန် အင်ဒိုနီးရှားစစ်ဘက်(တီအင်န်အိုင်)အား အင်ဒိုနီးရှားနိုင်ငံ သမ္မတ ဆူစီလိုဘန်ဘန်း ယူဒိုယိုနိုက ညွှန်ကြားခဲ့ကြောင်း အင်္ဂါနေ့ထုတ် ဒေသခံသတင်းစာတွင် ရေးသားဖော်ပြသည်။

အရှေ့ဂျာဗားကျွန်းရှိ ဆီတူဘွန်ဒိုမြို့ရေပြင်တွင် ဖေဖော်ဝါရီ ၂ ရက်က စစ်ရေးလေ့ကျင့်နေစဉ် သက်တမ်း (၄၆)နှစ်ရှိ ကုန်း၊ ရေ နှစ်သွယ် စစ်ဆင်နိုင်သည့် တင့်ကားတစ်စီး နစ်မြုပ်မှုကြောင့် မရိန်းတပ်သား ခုနစ်ဦး သေဆုံးပြီး နှစ်ရက်အကြာတွင် သမ္မတက ထိုသို့ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

ဟာကျူလီစီ-၁၃၀ နှင့် ကုန်း၊ ရေ နှစ်သွယ် စစ်ဆင်ရေးတင့်ကားများ အပါအဝင် နိုင်ငံ၏ ကာကွယ်ရေးလက်နက်ပစ္စည်းအများအပြားသည် ၁၉၆၀ ပြည့်နှစ်က ထုတ်လုပ်သည့် ပစ္စည်းများဖြစ်ကြောင်း သမ္မတက ပြောကြားသည်။

**အမ်အင်အေ၊ ဆင်ဟွာ။**



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆုရရှိသော ဦးသန်းညွှန့်(ပန်းသာ)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး ရုပ်ရှင်အသံထူးချွန်ဆုရရှိသော ဦးမျိုးညွန့်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး ရုပ်ရှင်ဇာတ်ကား ဆုရရှိသော နဝရတ်ရုပ်ရှင်ထုတ်လုပ်ရေးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံးရုပ်ရှင်ဇာတ်ကား တည်းဖြတ်ဆုရရှိသော ဇော်မင်း(ဟံသာမြေ)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

❍ စာမျက်နှာ ၁၀ မှ

အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆုကို ပန်းပျိုးသူတို့အလက်ာရုပ်ရှင်ဇာတ်ကားမှ သန်းညွှန့်(ပန်းသာ)က လည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်တေးဂီတဆုကို ပန်းပျိုးသူတို့အလက်ာရုပ်ရှင်ဇာတ်ကားမှ ကိုသော်ဇင်(လဝန်းအိမ်)ကလည်းကောင်း၊ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို ပန်းပျိုးသူတို့အလက်ာ ရုပ်ရှင်ဇာတ်ကားမှ မေသဉ္ဇာဦးက လည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုကို နဝရတ်ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် မျှော်လင့်ခြင်းများစွာ ရုပ်ရှင်ဇာတ်ကားက လည်းကောင်း၊ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုကို မျှော်လင့်ခြင်းများစွာ ရုပ်ရှင်ဇာတ်ကားမှ ဖိုးကျော်ကလည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုကို မျှော်လင့်ခြင်းများစွာ ရုပ်ရှင်ဇာတ်ကားရိုက်ကူးသူ မောင်မျိုးမင်း (ရင်တွင်းဖြစ်)က လည်းကောင်း၊ အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆုကို တောင်သမန်သစ္စာ ရုပ်ရှင်ဇာတ်ကားမှ နန္ဒာလှိုင်ကလည်းကောင်း၊ အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုကို ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာရုပ်ရှင်ဇာတ်ကားမှ ရန်အောင်ကလည်းကောင်း ရရှိကြောင်းကြေညာပြီး ဆုတစ်ဆုချင်းအလိုက် ရှင်းလင်းချက်များနှင့်အတူ အကောင်းဆုံး သရုပ်ဆောင်မှုအပိုင်းများကို ထုတ်နုတ်ပြသသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ရရှိကြသူများအား ရွှေစင်ရုပ်ဆုကို တစ်ဦးချင်းသို့ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ၂၀၀၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသူများက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီးတို့ အား သွားရောက်ဂါရဝပြုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ၂၀၀၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသည့် ရုပ်ရှင်အနုပညာရှင်များနှင့် အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ပြန် ကြားရေး ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော် ဆန်း အ ကောင်း ဆုံး ရုပ်ရှင် တေးဂီတ ဆု ရ ရှိ သော ကို သော် ဇင် (လဝန်းအိမ်)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)



## မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၇/အနောက်ရပ်ကွက် မဟာစေတီတိုက် ရန်ကုန်ကျောင်း၌ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမာဝံသ၏ သက်တော်(၇၀)နှစ်ပြည့် မဟာဝိဇာတမင်္ဂလာနှင့် (၂၆)ကြိမ်မြောက် မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲတော်ကို ဖေဖော်ဝါရီ ၁၁ ရက်မှ ဖေဖော်ဝါရီ ၁၇ ရက်ထိ ခုနစ်ရက်တိုင်တိုင် ပြုလုပ်မည်ဖြစ်ပြီး တပို့တွဲလဆန်း ၁၁ရက် ဖေဖော်ဝါရီ ၁၇ရက် တနင်္ဂနွေနေ့ မွန်းလွဲ ၂နာရီတွင် ပဋ္ဌာန်းအောင်ပွဲနှင့်တကွ ဒါနဝတ္ထုအစုစုတို့ကို ဝမ်းမြောက်စွာ ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ပါသဖြင့် အလှူရှင်များ ကြွရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ (၅၃)


ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့

သဘာဝတောတွေ ထိန်းသိမ်းစို့


## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
## ကျောက်ဆည်တက္ကသိုလ်
## စတုတ္ထအကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ ၂၀၀၆–၂၀၀၇ပညာသင်နှစ် ကျောက်ဆည်တက္ကသိုလ်မှ ကြီးမှူးကျင်းပခဲ့သည့် ဘွဲ့ရစာမေးပွဲအသီးသီးကို အောင်မြင်ပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားကြသူများအတွက် ကျောက်ဆည်တက္ကသိုလ် စတုတ္ထအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို (၈–၃–၂၀၀၈)ရက်နေ့နှင့် (၉–၃–၂၀၀၈)ရက်နေ့များတွင် ဤတက္ကသိုလ်ပင်မလေးထပ်ဆောင်ခန်းမ၌ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းများတွင် သုံးကြိမ်ခွဲ၍ ကျင်းပမည်ဖြစ်ပါသဖြင့် ယှဉ်တွဲဖော်ပြပါ အစီအစဉ်အတိုင်း တက်ရောက်ကြရန် ကြေညာလိုက်ပါသည်။

**ဘွဲ့နှင်းသဘင်(၈–၃–၂၀၀၈)**
**ပထမပိုင်းအစီအစဉ်**
**နံနက်(၀၉း၀၀)နာရီမှ (၁၂း၀၀)နာရီအထိ**

| စဉ် | ဘွဲ့ | အထူးပြုဘာသာ |
|---|---|---|
| ၁။ | မဟာဘွဲ့ | (က) ဒဿနိကဗေဒ |
| | ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | (ခ) သမိုင်း |
| | ဝိဇ္ဇာ/သိပ္ပံ | (ဂ) ဓာတုဗေဒ |
| | | (ဃ) ဘူမိဗေဒ |

**ဒုတိယပိုင်းအစီအစဉ်**
**မွန်းလွဲ(၁း၀၀)နာရီမှ (၄း၀၀)နာရီအထိ**

| စဉ် | ဘွဲ့ | အထူးပြုဘာသာ |
|---|---|---|
| ၁။ | ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | (က) အင်္ဂလိပ်စာ |
| | ဝိဇ္ဇာ/သိပ္ပံဘွဲ့ | (ခ) အရှေ့တိုင်းပညာ |
| | | (ဂ) သင်္ချာ |
| | | (ဃ) သတ္တဗေဒ |

**ဘွဲ့နှင်းသဘင်(၉–၃–၂၀၀၈)**
**တတိယပိုင်းအစီအစဉ်**
**နံနက်(၀၉း၀၀)နာရီမှ (၁၂း၀၀)နာရီအထိ**

| စဉ် | ဘွဲ့ | အထူးပြုဘာသာ |
|---|---|---|
| ၁။ | ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | (က) မြန်မာစာ |
| | ဝိဇ္ဇာ/သိပ္ပံဘွဲ့ | (ခ) ပထဝီဝင် |
| | | (ဂ) ရူပဗေဒ |
| | | (ဃ) ရုက္ခဗေဒ |

**ပထမပိုင်း၊ ဒုတိယပိုင်း၊ တတိယပိုင်းအစီအစဉ်**
**အစမ်းလေ့ကျင့်ရက် (၇–၃–၂၀၀၈)ရက်နေ့**

| | | | |
|---|---|---|---|
| **ပထမပိုင်းအစီအစဉ်** | – | **နံနက်(၀၉း၀၀)နာရီမှ** | **(၁၁း၀၀)နာရီထိ** |
| **ဒုတိယပိုင်းအစီအစဉ်** | – | **နံနက်(၁၁း၀၀)နာရီမှ** | **(၁း၀၀)နာရီထိ** |
| **တတိယပိုင်းအစီအစဉ်** | – | **မွန်းလွဲ(၂း၀၀)နာရီမှ** | **(၄း၀၀)နာရီထိ** |

၂။ ဘွဲ့နှင်းသဘင်အခမ်းအနား ဘွဲ့တက်ရောက်ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံများ ငှားရမ်းခွင့်ထောက်ခံစာများနှင့် ဘွဲ့နှင်းသဘင် တက်ရောက်ခွင့်ပြုသည့် လက်မှတ်/ဧည့်လက်မှတ်များကို ဘွဲ့ကြေးငွေသွင်းပြေစာပြ၍ ကျောက်ဆည်တက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင် အောက်ပါအစီအစဉ်အတိုင်း ထုတ်ယူနိုင်ပါသည်။

| ဘွဲ့နှင်းသဘင်ကျင်းပရက် | ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာများ ထုတ်ပေးမည့်ရက် | တက်ရောက်ခွင့်ပြုလက်မှတ် ဧည့်လက်မှတ်များ ထုတ်ပေးမည့်ရက် |
|---|---|---|
| (၈–၃–၂၀၀၈)မှ (၉–၃–၂၀၀၈)ရက်ထိ | (၄–၃–၂၀၀၈)မှ (၆–၃–၂၀၀၈)ရက်ထိ | (၇–၃–၂၀၀၈) |

**မှတ်ချက်။** ။တက်ရောက်ခွင့်လက်မှတ်နှင့် ဧည့်လက်မှတ်များကို အစမ်းလေ့ကျင့်ပွဲ အခမ်းအနားသို့ တက်ရောက်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၃။ ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် အစမ်းလေ့ကျင့်ပွဲအခမ်းအနားများတွင် ဘွဲ့တက်ရောက်ယူမည့်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံနှင့် အနောက်တိုင်းဝတ်စုံ(အမျိုးသား)များမှ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ကြရပါမည်။ အကယ်၍ သတ်မှတ်ထားသည့်အတိုင်း ဝတ်ဆင်ခြင်းမပြုပါက သက်ဆိုင်ရာအခမ်းအနားများသို့ တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

**(အေးမြစမ်းကြည်)**
**မော်ကွန်းထိန်း**
**စာမေးပွဲနှင့် ဘွဲ့နှင်းဌာန**
**ကျောက်ဆည်တက္ကသိုလ်**

## အရေးကြီးစာရွက်စာတမ်းများပျောက်ဆုံးခြင်း

မြန်မာမေကောင်းသစ် အခြေခံစက်မှုကုမ္ပဏီလီမိတက်၏ ထောက်ချက်အမှတ် ၀၆၆/၀၈နှင့် ၀၆၆/၀၉ မူရင်း(၂)စောင်အပါအဝင်၊ ထုတ်ကုန်လိုင်စင်အမှတ် ELF 06-07/0899နှင့် ELF 06-07/0900တို့၏ လိုင်စင်မိတ္တူမှန် (၂)စောင်တို့မှာ ခရီးသွားလာရာတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ဖော်ပြပါ လိပ်စာသို့ ဆက်သွယ်ပေးပို့ အကြောင်းကြားပေးပါရန်–

ကျေးဇူးဆပ်ပါမည်။

**အမှတ် ၂၅၉၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်းနံပါတ် – ၂၀၄၁၀၈**


## ဗေဒါစာအုပ်အရောင်းခန်းမ
## ပထမအကြိမ် စာအုပ်ဈေးပွဲတော်
## (၈. ၂. ၂၀၀၈) မှ (၁၇. ၂. ၂၀၀၈)

စာပေတိုက်ပေါင်း(၂၀၀) ကျော် မှ သုတ/ရသစာအုပ် မျိုးစုံကို စုစည်း၍အဖိုးနှုန်းချိုသာစွာ ဖြင့် ရောင်းချပေးသွားပါမည်။

⇨ အချိန် – နံနက် (၉ း ၀၀)နာရီ မှ ည (၇ း ၀၀)နာရီ အထိ
⇨ နေရာ – အမှတ် ၈၁၊ သိမ်ဖြူလမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်။


## ယာဉ်မောင်းသူများလိုက်နာရန်

ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် ယာဉ်ငယ်များတွင် တပ်ဆင်ထားသော ခါးပတ်များကို ယာဉ်မောင်းနှင့်အတူ စီးနင်းသူများပါ ခါးပတ်များ ပတ်ထားကြပါရန် နှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

## တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၇

ဦးဇော်ဝင်း (Asst. Manager, MTE)သည် ဖေဖော်ဝါရီ ၅ရက် နံနက် ၆နာရီ ၁၅မိနစ်က Myanmar Golf Club တွင် ဂေါက်သီးရိုက်ကစားစဉ် ၁၆၅ ကိုက်အကွာရှိ ကျင်းအမှတ်(၁၂)၌ Founders Iron(5) အမျိုးအစား ဂေါက်ရိုက်တုတ်ဖြင့် Prokennex ဂေါက်သီးကို ရိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ ထိုအချိန်က ကစားဖော်များအဖြစ် ဦးအောင်ဆန်း (GM. MTE)၊ ဦးစိုးမြင့်(Manager, MTE) နှင့် ဦးဟန်ဇော်လင်း (CHC)တို့လည်း အတူရှိနေသည်။

(က–ပ)

## ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့အထည်အလိပ်လုပ်ငန်း ပျော်ဘွယ်နှင့် မြစ်သားချည်မျှင်စက်ရုံ(စီမံကိန်း)များ၏ စက်တပ်ဆင်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါ လုပ်ငန်းများအလိုက် မြန်မာကျပ်ငွေဖြင့် ချိပ်ပိတ်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်–

| အုပ်စု | ဆောင်ရွက်ရမည့်လုပ်ငန်း |
|---|---|
| (က) | ချည်မျှင်စက်နှင့် အရည်အသွေးထိန်းသိမ်းရေးစက်များ တပ်ဆင်ခြင်း |
| (ခ) | အလုပ်ရုံဌာနစက်များတပ်ဆင်ခြင်း |
| (ဂ) | လျှပ်စစ်ပိုင်းဆိုင်ရာလုပ်ငန်းများတပ်ဆင်ခြင်း |
| (ဃ) | စက်မှုပိုင်းဆိုင်ရာလုပ်ငန်းများတပ်ဆင်ခြင်း |

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် – ၁၁–၂–၂၀၀၈
တင်ဒါပိတ်မည့်နေ့ရက် – ၂၉–၂–၂၀၀၈နေ့(၁၆း၀၀နာရီ)
တင်ဒါပေးသွင်းရမည့်နေရာ– စက်မှုညွှန်ကြားရေးဦးစီးဌာန၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို (၁၁–၂–၂၀၀၈)ရက်မှ စတင်၍ အောက်ဖော်ပြပါလိပ်စာအတိုင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်–

**စီမံကိန်းဌာန၊ မြန်မာ့အထည်အလိပ်လုပ်ငန်း**
**အမှတ်(၁)စက်မှုဝန်ကြီးဌာန**
**ရုံးအမှတ်(၃၇)၊နေပြည်တော်**
**ဖုန်း–၀၆၇–၄၀၈၀၇၀၊ ဖက်စ်–၀၆၇–၄၀၈၃၃၈**

## ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့အထည်အလိပ်လုပ်ငန်းမှ ပျော်ဘွယ်ချည်မျှင်စက်ရုံ(စီမံကိန်း)၏ Complete Water Treatment Plant အတွက် စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်–

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Complete Water Treatment Plant (Capacity=Purified Water 10000 gals/hr | 1Lot |

၂။ ချိပ်ပိတ်တင်ဒါပေးသွင်းမှုကို အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာန(နေပြည်တော်)သို့ ၂၂–၂–၂၀၀၈ရက်နေ့ ၁၆း၀၀နာရီနောက်ဆုံးထား၍ ပေးသွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ၈–၂–၂၀၀၈ ရက်မှ စတင်၍ အောက်ဖော်ပြပါလိပ်စာအတိုင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်–

**စီမံကိန်းဌာန၊**
**မြန်မာ့အထည်အလိပ်လုပ်ငန်း**
**ရုံးအမှတ်(၃၇)၊ နေပြည်တော်**
**ဖုန်း–၀၆၇–၄၀၈၀၇၀၊ ဖက်စ်–၀၆၇–၄၀၈၃၃၈**

# မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်ကားများကို ပြည်ပနှင့် ပူးပေါင်းရိုက်ကူးထုတ်လုပ် အရည်အသွေးမြင့်ရုပ်ရှင်များ ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတကာနည်းတူ စတူဒီယိုကြီးများ ရှိရန်လို ပြည်တွင်းရုပ်ရှင်ပြသမှုစနစ် အရည်အသွေးမြင့်မားလာအောင် ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ၂၀၀၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ချီးမြှင့်သည့် အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရေး ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားကိုယ်စားလှယ်များ၊ မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့ဝင်များ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာ့ရုပ်ရှင် ထူးချွန်ဆု ရရှိပြီးသူ ရုပ်ရှင်အနုပညာရှင်များ၊ ရုပ်ရှင်သရုပ်ဆောင်များ၊

**စာမျက်နှာ ၆ ကော်လံ ၁ သို့ ✻**



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ၂၀၀၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသည့် ရုပ်ရှင်အနုပညာရှင်များ၊အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)




**ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုရရှိသော ရန်အောင်အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

## ၂၀၀၆ ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင်ထူးချွန်ဆု

၁။ အသံထူးချွန်ဆု- **ဦးမျိုးညွန့်** (တောင်သမန်သစ္စာ)
၂။ ဇာတ်ညွှန်းထူးချွန်ဆု- **ဇော်မြင့်ဦး** (တောင်သမန်သစ္စာ)
၃။ တည်းဖြတ်ထူးချွန်ဆု- **ဇော်မင်း(ဟံသာမြေ)** (မျှော်လင့်ခြင်းများစွာ)
၄။ ဓာတ်ပုံထူးချွန်ဆု- **သန်းညွန့်(ပန်းသာ)** (ပန်းပျိုးသူတို့အလက်ာ)
၅။ တေးဂီတထူးချွန်ဆု- **ကိုသော်ဇင် (လဝန်းအိမ်၊ မန္တလေး)** (ပန်းပျိုးသူတို့အလင်္ကာ)
၆။ အမျိုးသမီးဇာတ်ပို့ဆု- **မေသဉ္ဇာဦး** (ပန်းပျိုးသူတို့အလင်္ကာ)
၇။ ဇာတ်ကားဆု- **(မျှော်လင့်ခြင်းများစွာ)**
၈။ အမျိုးသားဇာတ်ပို့ဆု- **ဖိုးကျော်** (မျှော်လင့်ခြင်းများစွာ)
၉။ ဒါရိုက်တာဆု- **မောင်မျိုးမင်း(ရင်တွင်းဖြစ်)** (မျှော်လင့်ခြင်းများစွာ)
၁၀။ အမျိုးသမီးဇာတ်ဆောင်ဆု- **နန္ဒာလှိုင်** (တောင်သမန်သစ္စာ)
၁၁။ အမျိုးသားဇာတ်ဆောင်ဆု- **ရန်အောင်** (ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ)

## (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို

☆ *တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကရင်ပြည်နယ်* (ဓာတ်ပုံမှတ်တမ်း) စာမျက်နှာ-၇

☆ ***"တိုင်းပြည်ကို အမှန်တကယ်ချစ်မြတ်နိုးသူတိုင်း၊ အမိနိုင်ငံတော်ကို ကမ္ဘာနှင့် ရင်ပေါင်တန်းစေချင်သည်ဆိုသည့် နိုင်ငံသားတိုင်းသည် ရေပက်မဝင်သော တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ကြရပေမည်။ နိုင်ငံနှင့်လူမျိုးကို အပြောဖြင့်မဟုတ်ဘဲ လက်တွေ့ချစ်ပြနိုင်ရန်အတွက် ကြိုးပမ်းအားထုတ် အလုပ်လုပ်ကြရမည်ဖြစ်သည်"***

သီဟအောင်၏ ***"အနာဂတ်ရှိသောနိုင်ငံ၊ အခြေခံကောင်းသည့်လူမျိုးနှင့် ချစ်ကြည်မြတ်နိုး သယ်ပိုးအပ်သော တာဝန်"*** (ဆောင်းပါး) စာမျက်နှာ-၈၊၉

☆ မောင်မောင်မိုးအောင်၏ ***"ပြည်ထောင်စုစိတ်ဓာတ်"*** (ကဗျာ) စာမျက်နှာ-၉

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး